www.burmeseclassic.com

နိုးနိုး စာပေ

အကြည်ဝေကျော်

# ဘွာတေး...ဘွာတေး



www.burmeseclassic.com

www.burmeseclassic.com

# ဤဖဝါး...ဤဖဝါး

## အကြည်တော်

တအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၀၉၉၁

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၆၇၊ စကားဝါလမ်း၊<br>အင်္ဂုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းပလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |

အကြည်တော်
ဘွာတေး ဘွာတေး / အကြည်တော် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၁၄၆ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) ဘွာတေး ဘွာတေး



အဲဒီအချိန်မတိုင်မီ အချစ်သည် ပန်းပွင့်သဖွယ် လေထဲမျော၍ ချစ်သူသစ်ရွက်ကိုရှောင်ဖယ်သလို ကျီစယ်၍ ကွေ့ဝိုက်၏။

ဆောင်း၏လက်ရွေးစင် ပန်းပွင့်သည် အချစ်မျက်လုံးများကို စိုက်ကြည့်၍ စကားဆို၏။

"လိုက်နိုင်ရင်လိုက်ခဲ့ပေါ့"

သစ်ရွက်ကလေးက ရယ်သွမ်းရင်း

"ပြေးနိုင်ရင် ပြေးပေါ့ကွယ်"

သို့သော် သူတို့သည် ဘယ်ကိုမှပြေးမသွား၊ တစ်ယောက်ကို တစ်ယောက် မမြင်ကွယ်ရာ၌သာ ခေတ္တပုန်းခိုရင်း၊ တစ်ဖက်သား၏ ရင်ခုန်သံကို ရှာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



လေပြည်ကြောင့်ဖြစ်သော ဂီတသံကိုနားဆင်ရင်း အရှေ့အရပ်မှ ထွက်ပေါ်လာသောနေမင်းကိုပင် နှင်းဖြစ်စေ၏။

ထို့ကြောင့် အချစ်သစ်ရွက်သည် အရွယ်မတိုင်မီ ကြွေကျရိုးထုံးစံမရှိ။ ချစ်သူပန်းပွင့် ဥပေက္ခာပြုချိန်မှသာ ရင့်ရော်ကြွေကျခြင်းကို ကြုံရလေတော့သည်။

ချစ်သူပန်းပွင့် ရှိနေသမျှ သစ်ရွက်မှာ လန်းမြဲလန်းဆဲပါ။

× × ×





တဒံရိပ်ဟူသော အအေးဆိုင်ကလေးက ကြီးမားသောအကိုင်းအခက် ဝိုင်းစက်နေ၍ အေးနေသည်။

အရှေ့မှာချထားကြသော အအေးခွက်ကလေးများကလဲ ရေခဲကြောင့် အေးနေသည်။ သို့သော် စားပွဲဝိုင်းတစ်ခုထဲ ဝိုင်းထိုင်နေသော လူတချို့မျက်နှာက မအေးနိုင်။ ကာယကံရှင်ကလေးမ၏မျက်နှာက အဆိုးဆုံး။

"အဲဒါပဲ၊ မနက်ဖြန် အစ်ကိုက နိုင်ငံခြားက ပြန်လာတော့မယ်တဲ့၊ စိတ်ညစ်ပါတယ်၊ အဲဒါ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး"

အားလုံး မျက်နှာအပျက်ပျက်အယွင်းယွင်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုတစ်ဝိုင်းလုံးတွင် မျက်နှာပိုးမသေဆုံး ရဲမင်းကသာ ပြုံး၍

"ပန်းပွင့်ရယ်၊ ပန်းပွင့်အစ်ကို နိုင်ငံခြားက ပြန်လာတာပဲ ဘာဖြစ်လို့လဲ၊ သူ့ဘာသာသူလာတာ လာပါစေပေါ့"

အားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်၏။ ဒါကို ပန်းပွင့်နားကပ်ထိုင်နေသော နီနီက

"ဟဲ့ နင် ပန်းပွင့်ရဲ့အစ်ကိုအကြောင်း ဘာသိလို့ လာပြောနေတာလဲ၊ ဒုက္ခတော့ ရောက်တော့မှာပဲဟယ်"

နီနီစကားကို ရဲမင်းက ပြုံးပြီး

"ကိုယ့်ချစ်သူနဲ့ ပတ်သက်တဲ့အကြောင်းပဲ သိတာပေါ့၊ ပန်းပွင့်အစ်ကိုက လူမိုက်ကြီး၊ မိဘနှစ်ပါး မရှိကတည်းက အဘိုးအဘွားများ ထိန်းမနိုင်လို့ နိုင်ငံခြားဆက်ပို့လိုက်တယ်၊ နိုင်ငံခြားမှာ လူမိုက်ပြန်လုပ်နေတယ်၊ နိုင်ငံခြားမှာလဲ ဆိုးလွန်းလို့ နယ်နှင်ဒဏ်အကြိမ်ကြိမ်ပြန်ပေးရတယ်၊ အခု ဂျပန်ပြည်ရောက်ပြီး ရာကူဆာဂိုဏ်းက ဂိုဏ်းချုပ်လက်သပ်မွေးပြီး ဂိုဏ်းစတားရာထူးပေးထားတယ်၊ ဒါပဲမဟုတ်လား"

အားလုံး ရဲမင်းကို ပါးစပ်အဟောင်းသားကြည့်ကြသည်။ အတန်ကြာမှ ပန်းပွင့်၏သူငယ်ချင်းချိုရီက

"နင် နင်က ဒါကို မယုံဘူးပေါ့လေ ဟုတ်လား"

ရဲမင်းက ပြုံးတုံ့တုံ့လုပ်ပြီး

"မယုံလို့ မဟုတ်ပါဘူး၊ ပြောပါများတော့ ကြားဖူးပြီးသားဖြစ်နေတာပါ"

ချိုနွယ်ကလန့်ပြီး သူ့ပါးစပ်သူ ပြန်ပိတ်သည်။ နီနီက မျက်စိမျက်နှာပျက်ပြီး ထပြန်ရန်ပြင်သည်။

"တော်ပြီ တော်ပြီ ငါပြန်ချင်ပြီ"

နံဘေးနားကကျော်မင်းက မျက်စိမျက်နှာမကောင်း။





"မင်း မင်း ပန်းပွင့်ရဲ့အစ်ကိုနဲ့ မကြုံဖူးသေးလို့ပါကွာ"

အောင်စိုးက ဝင်ပြောသည်။ မှန်ပေသည်။ ရဲမင်းက ပန်းပွင့်၏အစ်ကို လူမိုက်ကြီးဆိုသူနှင့် မကြုံခဲ့ဘူး။ သူနှင့်ပန်းပွင့် ချစ်သူဖြစ်ချိန်၌ ပန်းပွင့်၏အစ်ကိုက ဒီနိုင်ငံမှာမရှိတော့။ သို့သော် သူ့အစ်ကို မည်မျှဆိုးကြောင်း ပန်းပွင့်ပြောပြောနေ၍ မကြာခဏကြားဖူးနေသည်။ ပြောပါများတော့လဲ ရင်းနှီးသလိုဖြစ်ပြီး မကြောက်မိတော့။

ဒါကို အကြောင်းသိသော ကျော်မင်းက

"ဟို ဟိုက တကယ် တကယ်မိုက်တာနော်"

ရဲမင်း ထီမထင်ဟန် ပြုံးလိုက်သည်။

"ဘယ်လောက်ပဲမိုက်မိုက်ပါကွာ၊ လူမိုက်ကိုမကြောက်လို့ လူမိုက်ညီမ ရည်းစားထားတဲ့ဟာကို"

အားလုံးမျက်နှာပျက်သွားကြသည်။ ဒါကို ချိုနွယ်က

"အေး နင်ပန်းပွင့်နဲ့ ရည်းစားဖြစ်တာ သူ့အစ်ကိုမသိသေးလို့ ခံသာတာ၊ အခုသိပြီ၊ သူပြန်လာရင် နင်သေဖို့သာ ပြင်ပေတော့"

ရဲမင်းက ကျွတ်ခနဲ စုတ်သပ်ရင်း

"ဒီလူကလဲကွာ၊ မြန်မာပြည်က သူ့ညီမ ရည်းစားထားတာ ဘယ့်နှယ် ဂျပန်ပြည်က သူ့အစ်ကိုက ဘာကိစ္စ ဘာကြိမ်းနေရတာလဲ၊ ဒါနဲ့နေပါဦး၊ ပန်းပွင့်နဲ့ငါ ရည်းစားထားတာ သူ့အစ်ကိုက အခုမှသိတာလား"

သူ့အမေးကို နီနီက မျက်လုံးပြူးပြီး

"ဟဲ့ အခုမှသိလို့ နင် အခု အသက်ရှိနေသေးတာပေါ့၊ အစောကြီးကတည်းကသိရင် နင် လူ့လောကမှာ ရှိတော့မှာမဟုတ်ဘူး"

ရဲမင်း မျက်မှောင်ကြုတ်၍

"ဘာလို့ အခုမှသိတာလဲ"

သူ့အမေးကို ချိုနွယ်က စိတ်မရှည်နိုင်တော့ဘဲ



www.burmeseclassic.com

"ဘာလို့ အခုမှသိလဲ ဟုတ်လား၊ နင်နဲ့ပန်းပွင့်နဲ့က ဘယ်တုန်းက နှစ်ယောက်တည်း တွေ့ဖူးလို့လဲ၊ တွေ့တိုင်း ငါတို့တစ်အုပ်တမကြီးပါနေတော့ သူငယ်ချင်းတွေလို့ပဲ ထင်နေတာပေါ့"

ရဲမင်းခေါင်းကုတ်သွားသည်။ မှန်ပေသည်။ ရဲမင်းနှင့်ပန်းပွင့်မှာ အပြင်၌ တစ်ခါမှ နှစ်ယောက်တည်း မတွေ့ဘူးသေး။ ကျောင်းတက်စဉ် စတင်ခင်မင်ချိန်မှစ၍ ချစ်သူဖြစ်တာတောင် တယ်လီဖုန်းနှင့်သာ ချစ်စကားပြော၊ တယ်လီဖုန်းနှင့်သာ အဖြေပေး၍ ချစ်သူဖြစ်ခဲ့ကြသည်ပဲ။ ပန်းပွင့်အား နှစ်ယောက်တည်းတွေ့ကြရန် ချိန်းတိုင်းလဲ

"ဟင့်အင်း အစ်ကိုသိသွားမှာစိုးရတယ်"

ဟူသောအဖြေသာ အမြဲကြားနေရသည်။

နောက်ပြီး ယခုထိုင်နေသူအားလုံးမှာလဲ သူ့ဖက်ကပါသော သူငယ်ချင်းတစ်ယောက်မှမပါ။ ပန်းပွင့်နှင့်ပတ်သက်၍ ပါလာသော သူငယ်ချင်းများသာ။ ထို့ကြောင့် ထိုသူစကားများကို ယုံသင့်သလား။

မြန်မာပြည်ကညီမ ရည်းစားချိန်းတွေ့တာ ဂျပန်ကအစ်ကို



မနက်ဖြန်ကျမှ

ညီမလေးရဲ့ချစ်သူ

အူဘယ်လောက်

ရှည်တယ်ဆိုတာ

အစ်ကို ရှင်ခွဲပြီး

လာထုတ်တိုင်းတော့မယ်၊

ဒါပဲနော်





တ မည်သို့သိနိုင်မည်နည်း။ ရဲမင်း မျက်မှောင်ကြုတ်ပြီး

"ဒါဆို ငါတို့ ဒီလိုတွေ့တာတောင် လိုက်ချောင်းပြီး သတင်းပို့တဲ့လူရှိလို့လား"

သူ့အမေးကို ကျော်မင်းက

"လိုက်ချောင်းတာ မဟုတ်ဘူးဟ့၊ ဖြောင်လိုက်နေတာ"

"ဒါဆို ဘယ်မှာလဲ"

ကျော်မင်း ဘေးဘီဝေ့ကြည့်ရင်း

"ငါ့အနောက်ဖက်မှာတွေ့လား၊ လူတစ်ယောက် ဖုန်းပြောနေတာ"

ကျော်မင်း ညွှန်ပြရာကြည့်လိုက်မိသည်။ ဟုတ်ပါသည်။ လူရည်သန့်သန့် ဗလတောင့်တောင့်နှင့် လူတစ်ဦး သူတို့ကို ကွက်ကြည့်ကွက်ကြည့်နှင့် ဖုန်းပြောနေခြင်းပင်။

"နောက် အအေးဆိုင်မျက်စောင်းထိုးအုတ်ခုံမှာ တွေ့လား"

တွေ့ပါသည်။ ဒါလဲ ခပ်သန့်သန့်ဥပမိကောင်းကောင်း တစ်ယောက်ပင်။

"အေး အဲဒါ ပန်းပွင့်နောက်လိုက်ကြည့်ဖို့ သူ့အစ်ကိုလွှတ်ထားတဲ့ လူမိုက်တွေ"

ရဲမင်း ခပ်ဟဟရယ်သည်။ ထီမထင်သည့်သဘော။

"မင်းတို့ကလဲကွာ၊ လူမိုက်တွေသာဆိုတယ်၊ သန့်လို့ပြန့်လို့၊ တယ်လီဖုန်းနဲ့ မော်တော်ကားနဲ့ ဟားဟား"

ရဲမင်းရယ်သံကြားတော့ အားလုံးမျက်နှာပျက်ကုန်၏။ ဒါကို အောင်စိုးက

"မင်း မင်းမယုံလို့လား"

ရဲမင်း ပြုံးရင်း စားပွဲခုံ လက်နှင့်ပုတ်ကာ

"ငါသက်သေပြမယ်"

www.burmeseclassic.com



ဆိုကာ ထထွက်သွားသည်။

"ဟာ ဟော့ကောင် မလုပ်နဲ့ မလုပ်နဲ့"

"ရဲမင်း ရဲမင်း"

အားလုံး၏တားမြစ်သံ။ ရဲမင်းဂရုမစိုက်တော့။ ခပ်တည်တည်နှင့် သူတို့ညွှန်ပြရာ တယ်လီဖုန်းပြောနေသူထံ ဦးတည်သွားလိုက်သည်။

"ဒီမှာ"

ရဲမင်း၏အသံကျယ်ကျယ်။ အအေးဆိုင်ထိုင်နေသူအားလုံး ခေါင်းတွေ ခုံအောက်ရောက်ကုန်မတတ် ဖြစ်ကုန်၏။ နှုတ်မှလဲ

"သွားပြီ၊ သွားပြီ၊ ပြဿနာတော့တက်ပြီ"

"ငါတို့ ငါတို့ ပြေးရမလား၊ ပြေးရမလား"

ဟူ၍ ကတုန်ကယင် ဖြစ်နေကြ၏။ ရဲမင်းကတော့ မလျှော့။

"ဒီမှာ ခေါ်နေတာကြားလား"

ဖုန်းပြောနေသူ လှည့်ကြည့်သည်။ ရဲမင်းကလဲ ခေသူမဟုတ် ရပ်ကွက်ထဲ ပြဿနာရှာကျွမ်းကျင်သူမို့ လူအများ ရှောင်ကွင်းသွားသူပေပဲ။

တယ်လီဖုန်းပြောသူက ရဲမင်းကိုစိုက်ကြည့်သည်။

ထိုစဉ်မှာပင် ထင်မှတ်မထားသောနေရာမှ လူလေးငါးဦး ရဲမင်းနားအလျှိုလျှိုကပ်လာကြ၏။ အအေးဆိုင်ထိုင်နေသူများကတော့

"သွားပြီ၊ သွားပြီ၊ ဒီကောင်သေပြီ၊ ဒီကောင်သေပြီ"

"ပန်းပွင့် လုပ်ပါဦး၊ နင့်အကောင်တော့ အရိုးတခြား အသားတခြားဖြစ်ပြီ"

ပန်းပွင့်လဲ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။ ကြည့်လိုက်တော့ ရဲမင်းက အခြေအနေမရိပ်မိဘဲ ရှေ့တိုး၏။ ဖုန်းပြောနေသူမှ တိုးလာသောသူများကို လက်ကာပြရင်း ဖုန်းခွက်မှတစ်ဆင့် မည်သူမှ မကြား





စေချင်သောလေသံဖြင့်

"အဲဒီဝိုင်းကတစ်ယောက် ကျွန်တော့်ဆီလာတယ်ဆရာ၊ ကျွန်တော် ဘာလုပ်လွှတ်လိုက်ရမလဲ ညွှန်ကြားပါဆရာ၊ အရိုးနဲ့သားရေ ပေါင်း ထုတ်ပေးလိုက်ရမလား"

တစ်ဖက်မှ ဘာပြောမှန်းမသိ။ ဖုန်းပြောနေသူမှ ရှေ့တိုးလာသော ရဲမင်းကို ပြန်ကြည့်သည်။ ပြီးနောက် အသံတိုးတိုးဖြင့်

"သေတော့မသေချာဘူး ဆရာ၊ ဒီရုပ်မျိုးကလဲ အင်း"

တစ်ဖက်မှ တစ်ခုခုပြောသည်။ ဖုန်းပြောသူမှ မမြင်ရသူကို ခေါင်းညွတ်ပြီး

"ဟုတ် ဟုတ်ကဲ့ပါဆရာ၊ ပြောတဲ့အတိုင်း လုပ်ပါ့မယ်"

ဖုန်းချလိုက်သည်။ အခြေအနေမသိသော ရဲမင်းက ရင်ကော့၍ ရှေ့တိုးရင်း

"ဒီမှာ ဒါ အများပြည်သူပိုင်လမ်းမ"

"ကျွန်တော်တောင်းပန်ပါတယ်"

"ဟမ်"

ဘာမှမပြောရသေးခင် ဟိုက တောင်းပန်နေ၍ ရဲမင်းက ဘာပြောရမှန်းမသိ ဖြစ်သွားရသည်။ နောက်မှ သတိရ၍ မာန်တင်းကာ

"ဒီလိုနေရာမျိုးမှာ ခပ်တည်တည်ဖုန်းပြောနေရအောင် ခင်ဗျားက လူမိုက်လား"

ထိုစကားကြားတော့ ထိုင်နေသူများ နေစရာနေရာမရှိတော့။ ဖုန်းပြောနေသူမှသာ

"ကျွန်တော်တောင်းပန်ပါတယ်၊ နောက်မပြောတော့ပါဘူး"

ထိုသူဦးညွှတ်ပြောနေ၍ ရဲမင်းကလဲ သာမန်ငပေါမို့ မာန်ပို တက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလဲပြီးရော၊ လူမိုက်လိုလို ဘာလိုလို လာမလုပ်နဲ့၊ ဒါပဲ"

"ကျွန်တော်တောင်းပန်ပါတယ်"

"ဒါဆိုပြီးရော သွားမယ်"

ရဲမင်း ခပ်တည်တည် ပြန်ထွက်လာ၏။ သူမသိသော သူ့အနားဝိုင်းလာသူများက လက်သီးဆုပ်အံကြိတ်ရင်း ကျန်ရစ်ခဲ့သည်။

ရဲမင်းက ခပ်တည်တည်နှင့် အအေးဆိုင်ပြန်လာသည်။ နောက် သူ့ခုံကိုသူပြန်ထိုင်ရင်း အောင်မြင်သူအပြုံးနှင့်

"တွေ့လား၊ ဘယ်မှာလူမိုက်လဲ၊ ငပေါတွေပါ၊ ကြောက်မနေပါနဲ့"

အားလုံးက စကားသံပင် မထွက်။ ထိုစဉ်မှာပင်

"တီ တီတီ တီတီတီ"

တယ်လီဖုန်းမြည်သံ။ ပန်းပွင့်၏ စလင်းဘက်(ခ်)မှဖြစ်သည်။ ပန်းပွင့်မျက်နှာမှာ သွေးပင်မရှိတော့။ ကျန်သူများ ကတုန်ကယင်တွေဖြစ်နေကြသည်။ အောင်စိုးဆိုလျှင် ခေါင်းပေါ်မှချွေးစေးများပင် ကျနေသည်။

"တီတီတီ"

ပန်းပွင့် တုန်ယင်သောလက်ဖြင့် တယ်လီဖုန်းကို ယူလိုက်သည်။

နောက် တုန်ယင်သောအသံဖြင့်

"ဂျပန်ကဆက်တာ"

"ဟာ"

အားလုံးလန့်ကုန်ကြ၏။ မလန့်စဖူး ရဲမင်းပင်လန့်၍ ထိုင်နေသောခုံကို ပြန်ကိုင်ထားမိသည်။ ပန်းပွင့်က အားလုံးကြားနိုင်အောင် စပီကာဖွင့်၍ ရှေ့ချလိုက်သည်။

"ဟယ်လို"





"ညီမလေးလား"

ကြားရသော အသံသြသြတစ်ခု။ အားလုံး မျက်စိပျက်မျက်နှာပျက်၍ ထပြေးမလိုဖြစ်နေကြသည်။ ပန်းပွင့်ကသာ အသံကိုထိန်းရင်း

"ဟုတ်ကဲ့၊ ပြောပါအစ်ကို"

တစ်ဖက်မှ ခဏအသံတိတ်သွားသည်။ နောက်မှ

"ခုနက ညီမလေးတို့ဝိုင်းကတစ်ယောက်၊ ဓားငမိုးကို ပြဿနာသွားရှာတာ ဘယ်တစ်ယောက်လဲ"

ရဲမင်း ခေါင်းနပန်းကြီးသွား၏။ အခုပဲ ပြဿနာရှာပြီးလို့ ထိုင်ရုံရှိသေးတာ။ အခု ဂျပန်ကသိပြီဆိုတော့ လန့်သွားမိ၏။ ပန်းပွင့်ကသာ အသံကိုထိန်းရင်း

"သြော် အဟင်း ပန်းပွင့်သူငယ်ချင်းပါ၊ ပြဿနာရှာတာ မဟုတ်ပါဘူး၊ စကားသွားပြောတာပါ"

တစ်ဖက်မှ အသံတိတ်သွားပြန်၏။ အတန်ကြာမှ

"အဲဒါ ညီမလေးချစ်သူဆိုတာလား"

"ဟင်"

ပန်းပွင့်မျက်လုံးပြူးသွားသည်။ အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ၏။ နောက် ပျာပျာသလဲဖြင့်

"မဟုတ် မဟုတ်ပါဘူး အစ်ကိုရယ်၊ ဒါက သူငယ်ချင်းသာမန်ငပေါလေးပါ၊ အဟဲ ဟိုလေ ထူးထူးခြားခြားငပေါကိုမဟုတ်ဘူး၊ သာမန်ငပေါ၊ အဟိ"

ရဲမင်း၏မျက်နှာ ရဲခနဲ။ သူသည် သာမန်ငပေါဖြစ်ကြောင်း ဖုန်းထဲမှသွားဖြေပြရမလို။ ပန်းပွင့်က ဘာမှဝင်မပြောရန် သတိပေး၏။

တစ်ဖက်မှ အသံတိတ်သွားပြန်သည်။ ပြီးမှ

"ညီမလေး ချစ်သူရနေပြီဆို ဟုတ်လား"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့် ဘာမှပြန်မပြောနိုင်။ အားလုံးကြောင်ပြီး ငြိမ်နေမိသည်။ တစ်ဖက်မှသာ

"မနက်ဖြန် အစ်ကို မြန်မာပြည်ပြန်ရောက်မယ်၊ အခု စင်္ကာပူရောက်နေပြီ"

"ရှင်"

အားလုံးကြက်သေသေကုန်၏။ သူတို့ထင်ထားတာက ပန်းပွင့်၏အစ်ကို ဂျပန်မှာပဲ ရှိဦးမည်ထင်ထားသည်ကိုး။

"မနက်ဖြန်ကျမှ ညီမလေးရဲ့ချစ်သူ အဲ့ဘယ်လောက်ရှည်တယ်ဆိုတာ အစ်ကို ရင်ခွဲပြီး လာထုတ်တိုင်းတော့မယ်၊ ဒါပဲနော်"

"ဝွပ်"

"ဟာ"

တစ်ဖက်မှ ဖုန်းချသွားသည်။ အားလုံးငြိမ်လျက်. .

× × ×

စိုး : မိုး : ၈ ၁ ၆ ၂



နေလုံးကြီးက ထိုင်နေသော ဗန်ဒါပင်ပေါ် ကျော်သွားသော်လည်း နေပြောက်မထိုးသေး။ အရှေ့မှချထားသော အအေးခွက်ပင်လျှင် ချွေးစေးများပျံ၍ တွဲရွဲခိုနေပေပြီ။

"အဲ အဲဒါ ဘယ်လိုလုပ်ကြမလဲဟင်"

ပန်းပွင့်၏အသံတုန်တုန်ယင်ယင်။ ကျော်မင်းက ရဲမင်းပခုံးကိုဖက်ပြီး

"မနက်ဖြန် ဒီကောင်သေမှာ၊ သေနေ့စေ့ပြီ၊ ပြုံးထား ပြုံးထား"

သူ့စကားကို အားလုံးကလဲ

"ဟုတ်တယ်၊ မသေခင်ပြုံးရတာ၊ သေပြီးမှ ပြုံးလို့မရတော့ဘူး၊ ပြုံးထား ပြုံးထား ဟေ့ကောင်"

စိုး : မိုး : ၈ ၁ ၆ ၅

www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းခမျာ သူတို့ပြောသလို ပြုံးပဲထားရမလား၊ နှလုံးရောဂါနှင့် သေရမလား ဖြစ်နေမိ၏။ ပန်းပွင့်ကသာ သူ့နဖူးမှထွက်လာသော ချွေးများကို ပင့်သုတ်ရင်း

"အစ်ကိုက ပြောထားပြီးရင် ကတိမပျက်ဘူး၊ မနက်ဖြန် ရောက်တာနဲ့ သူ အူလာထုတ်တိုင်းမှာ သေချာတယ်"

ကြားရတာကိုက အားတက်စရာ။

သူ့စကားကို ကျော်မင်းကလဲ

"အဲဒါကြောင့်ပြောတာပေါ့ ရဲမင်းရာ၊ စိတ်လျှော့ချလိုက်ပါ။ ပြုံးထား ပြုံးထား မသေခင်ပြုံးထား"

ရဲမင်းမှာ ဘာလုပ်လို့လုပ်ရမှန်းမသိတော့။ ချစ်သူတစ်ယောက် ထားမိပါတယ်။ သေဘေးနှင့်ပင် ကြုံရတော့မည်ကိုး။

ပြုံးကြည့်သည်။ ပြုံးမရတော့။ ဒါကို နီနီက

"ဒါဖြင့် ဒီလိုလုပ်ပါလား"

"ဘယ်လိုလဲဟင်"

အားလုံး နီနီအပေါ် အာရုံကျသွား၏။ ရဲမင်းကသာ အူလည်လည်နှင့်

"ပြုံးထားရဦးမှာလားဟင်"

နီနီက အားလုံးကိုဝေ့ကြည့်ရင်း

"နင်တို့နှစ်ယောက် ခိုးပြေးသွားကြလိုက်"

"ဟင်"

"ဘယ်လို"

နီနီစကားကြောင့် အားလုံးမျက်လုံးပြူးကုန်၏။ ဒါကို အောင်စိုးက

"ဟာ နင်ကလဲ၊ သူ့ညီမ ရည်းစားထားတာတောင် အူထုတ်မလို့လုပ်နေပါတယ်ဆိုတော့ ခိုးသာပြေးသွားရင်"





နီနီက အောင်စိုးကိုကြည့်၍

"ဟဲ့ ခိုးမပြေးလဲ သေမှာပဲဥစ္စာ၊ ခိုးပြေးလိုက်တော့ တစ်ရက်တန်သည် နှစ်ရက်တန်သည် မှိန်းနေလို့ရသေး"

ဒါကို ကျော်မင်းက ပါဝင်ပြီး

"ဟုတ်တယ်ဟေ့ကောင်၊ မင်းက သေလူဖြစ်နေပြီ၊ မသေခင်လေး ပြုံးပြီးမှိန်းနေ ပြုံးပြီးမှိန်းနေ၊ လာပါ၊ ငါ့ပခုံးပေါ် ပြုံးပြီးမှိန်းနေ"

ရဲမင်းပြောသည့်အတိုင်း မှိန်းနေရမလို ဖြစ်ကုန်၏။ ဒါကို ချိုနွယ်ကစဉ်းစားပြီး

"အဲဒီအကြံမဆိုးဘူး"

သူ့စကားကို ရဲမင်းက

"မသေခင်ပြုံးပြီး မှိန်းနေဖို့လားဟင်"

ချိုနွယ်က ရဲမင်းကိုဝေ့ကြည့်ရင်း

"အာ နင်ကလဲ တမျောင့်၊ နင်တို့ခိုးပြေးကြဖို့ဆိုတာလေ"

"ဘယ်လို"

အားလုံးစိတ်ဝင်စားကုန်ကြ၏။ ချိုနွယ်က ဆက်၍

"နင်တို့ ဒီအတိုင်းဆိုလဲ ပန်းပွင့်အစ်ကိုလာရင် ရှောင်နေရမှာပဲမဟုတ်လား၊ ဒီတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ် ခိုးရင်းနဲ့ ရှောင်နေလိုက်"

"ပြီးရင်"

"တစ်နေရာမှာ တရားဝင်လက်မှတ် ထိုးထားလိုက်ပေါ့ဟဲ့"

"ဒါဆို"

"တရားဝင်လင်မယားဖြစ်သွားတော့ ကိုယ့်ဖက်က တစ်ပန်းသာတာပေါ့၊ သူနဲ့မဆိုင်တော့ဘူးလေ"

ကျော်မင်းက ဝင်၍

"ဒါနဲ့နေပါဦး၊ ခိုးပြေးတုန်း သူမိသွားရင်"



www.burmeseclassic.com

www.burmeseclassic.com



"မမိတဲ့နေရာ သူမသိတဲ့နေရာ သွားပေါ့ဟဲ့၊ သူလဲ ကြာကြာ စိတ်မဆိုးနိုင်ပါဘူး၊ နင်တို့ခိုးပြေးပြီး တရားဝင်လက်ထပ်ပြီး ကလေး တွေဘာတွေရရင် သူစိတ်ပြေသွားလောက်ပါတယ်"

ချိုနွယ့်စကားကို ရဲမင်းက ငိုမဲ့မဲ့နှင့်

"ကလေးမမွေးခင်အထိ ငါပြုံးပြီးတော့ မှိန်းနေရမှာလား ဟင်"

"အေး ပြုံးပြီးမှိန်းနေ၊ အာ နင်ကလဲ အလုပ်ကလေးဘာလေး လဲ လုပ်ပေါ့ဟဲ့၊ အဓိကက မနက်ဖြန် သူ့အစ်ကိုလာရင် မိမသွားဖို့ပဲ၊ မိသွားလို့ကတော့ မှိန်းချိန်တောင် ရမှာမဟုတ်ဘူး"

အားလုံးခေါင်းညိတ်ကြသည်။ ထိုအကြံကိုလက်ခံသည့်သဘော။ အောင်စိုးက သူ့မေးသူပွတ်ရင်း

"ဟုတ်တယ်ကွ၊ မောင်နှမချင်းက စိတ်ဆိုးလဲခဏပဲ၊ အဲ ဒီ ကောင်ကတော့ သေလူဆိုတော့ မှိန်းနေပေါ့၊ နောက် သူစိတ်ပြေ လောက်တဲ့အချိန်ဆို ပြန်လာလို့ရတာပဲ၊ နောက်ပြီး သူ မြန်မာပြည်



*ဟုတ်တယ်၊*
*အဲဒီအကြံကောင်းတယ်၊*
*ကိုယ်ကြိုက်တဲ့*
*မိန်းမလဲရ၊*
*မှိန်းလဲမှိန်းနေရ၊*
*ဟီဟိ၊*
*ပြုံးပြုံးကြီးကို မှိန်းဦးမှာ*
*ဟီဟိ*





ပြန်လာလဲ ခဏပဲမဟုတ်လား၊ သူပြန်သွားရင် ပြီးပြီလေ"

အောင်စိုးစကားကြောင့် ရဲမင်း အားတက်သွားပြီး

"ဟုတ်တယ်၊ အဲဒီအကြံကောင်းတယ်၊ ကိုယ်ကြိုက်တဲ့မိန်းမ လဲရ၊ မှိန်းလဲမှိန်းနေရ၊ ဟီဟိ၊ ပြုံးပြုံးကြီးကို မှိန်းဦးမှာ ဟီဟိ"

သူ့ခမျာ ယခုမှ ဟီဟာလိုက်နိုင်သည်။

"ကဲ ဒါနဲ့ ဘယ်နေ့ခိုးပြေးကြမှာလဲ"

နီနီက စဉ်းစားပြီး

"မြန်လေကောင်းလေ ဖြစ်မှာပဲ၊ မနက်ဖြန် သူ့အစ်ကိုက ရောက်မှာဆိုတော့လေ"

ပန်းပွင့်မျက်လုံးပြူးသွားကာ

"ဟဲ့ အခုတော့ဖြစ်မလား၊ ဟိုမှာ အစ်ကို့ရဲ့တပည့်တွေက စောင့်ကြည့်နေတာ"

အားလုံးခေါင်းတွေ ပြန်ပုကုန်၏။

"ဒါဖြင့် ဘယ်လိုမှိန်း၊ အဲ ဘယ်လိုလုပ်ရမှာလဲဟင်"

ချိုနွယ်က အားလုံးကိုဝေ့ကြည့်ရင်း

"ဒီလိုလုပ်"

ခေါင်းတွေပူးကုန်၏။

"ပန်းပွင့်က ဒီအတိုင်းဆို တစ်ယောက်တည်းထွက်လို့ရမှာ မဟုတ်ဘူး"

အားလုံးခေါင်းညိတ်ပြသည်။

"သူ့အစ်ကိုရဲ့တပည့်တွေကလဲ အလစ်ပေးမှာမဟုတ်ဘူး၊ ဒီလိုပဲ တောက်လျှောက်လိုက်ကြည့်နေမှာပဲ"

မှန်ပေသည်။ ယခင်ကပင် တစ်ယောက်တည်း အပြင်ပေး မထွက်တာ။ ယခုဆို ပိုဆိုးပေလိမ့်မည်။

"ဒီတော့ မနက်ဖြန်ကျရင် လေဆိပ်မှာ အစ်ကို့ကိုသွားကြို

www.burmeseclassic.com



မယ်ဆိုပြီး လေဆိပ်ကို တစ်ယောက်တည်းထွက်"

"ထွက်ပြီးရင်"

"လေဆိပ်ကမှတစ်ဆင့် တခြားတစ်နေရာကို လစ်ထွက်တာပေါ့"

"ဒါဖြင့် ငါကရော"

ရဲမင်းကမေးသည်။ ဒါကို အစီအစဉ်ချသော ချို့နွယ်က

"ရဲမင်းက ကားဂိတ်ကစောင့်နေပေါ့ မဟုတ်ဘူးလား"

"ကိုယ်ပိုင်ကားနဲ့သွားရင်ရော"

"ကားနံပါတ်အတိုင်းလိုက်လို့ အစောကြီးမိန်းနေရမယ်၊ အခက်ခြေရာဖျောက်ဖို့လိုတာ မဟုတ်လား"

အားလုံးခေါင်းညိတ်ကြသည်။ ပန်းပွင့်က ခေါင်းကုတ်ရင်း

"ဒါဖြင့် ဘယ်ကိုသွားကြမလဲ"

နီနီက ခေတ္တစဉ်းစားရင်း

"ဒီလိုလုပ်၊ နင်တို့သွားချင်ရင် ချောင်းသာသွား"

"ဟင် ချောင်းသာ၊ ချောင်းသာဆို ရှာရလွယ်နေမှာပေါ့"

ပန်းပွင့်က ဝင်ပြောသည်။ ဒါကို နီနီက

"ဟဲ့ ချောင်းသာတော့ ဘယ်ဟုတ်ပါ့မလဲ၊ ချောင်းသာတစ်ဖက်က ဖိုးကုလားကျွန်းကိုသွားပေါ့၊ အဲဒီမှာ ငါတို့အမျိုးတွေရှိတယ်၊ ကျွန်းမှာဆိုတော့ တော်ရုံလဲသွားမယ်ထင်ကြမှာမဟုတ်ဘူး"

သူ့စကားကြောင့် အားလုံးအားတက်သွားကြသည်။

"အေး အဲဒီအကြံမဆိုးဘူး၊ ဒါနဲ့ ဘယ်အချိန်သွားရမှာလဲ"

"လေယာဉ်ချိန်နဲ့ချိန်ပြီး မနက်စောစောသွားကြပေါ့ ဟုတ်ဖူးလား"

ရဲမင်းခေါင်းကုတ်သွားသည်။

"မနက်စောစောဟုတ်လား"





"အေးလေ၊ ဘာဖြစ်လို့လဲ"

"ဒီည မန်ယူနဲ့အာဆင်နယ်ပွဲကောင်းလို့ မထနိုင်မှာစိုးလို့ နေ့ခင်းမှသွားလို့မရဘူးလား"

သူ့စကားကို ကျော်မင်းက

"ဟယ် အရေးထဲ အချိန်ကရွေးနေသေးတယ်၊ အဲဒီလိုသာ လုပ်နေလို့ကတော့ မနက်ဖြန်ကို ပြုံးပြီးမိန်းနေရမယ်"

ရဲမင်း ကျောချမ်းသွားပြန်သည်။ ဒါကို အောင်စိုးက

"ကဲ ဒါဖြင့် မနက်ဖြန်မနက် သေချာပြီနော်"

"အိုကေ"

အားလုံး သဘောတူညီမှု ရကြ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းမိန်းမခိုးရတော့မည်မို့ စိတ်လှုပ်ရှားနေသည်။

အဝတ်အစားများကိုပင် မစုံစုံအောင် ထည့်နေရလေ၏။

ကိုယ်တိုင်ကိုက တစ်ခါမှလဲ ခိုးစခိုးနမရှိ၍ မနည်းပြည့်စုံအောင်ပြုလုပ်နေရလေသည်။

ဟိုဟာလို ဒီဟာလိုမဖြစ်အောင်ကလဲ ဂရုစိုက်ရ၏။

"အမွေးအတောင်ရိတ်ဖို့က ဂျက်၊ ပါပြီ၊ အမွေးအတောင်ထောင်ဖို့က ဂျယ်ပါပြီ၊ အမွေးအတောင်နှုတ်ဖို့က ဇာဂနာပါပြီ၊ အရိုင်းပါပြီ၊ ကင်းကောင်ပါပြီ၊ ဟယ် ရှုပ်ကုန်ပါပြီ၊ ပြန်စစ်ဦးမှ"

တစ်ခုမှ မလစ်လပ်အောင် အထပ်ထပ်စစ်နေရသည်။

"အမွေးနံ့သာ ပက်ဖြန်းဖို့ ရေမွှေး၊ ဟိုထိပ်လုံးလုံးနဲ့ အသည်းယားစရာကြီးက ဘာပါလိမ့်၊ မြင်ဖူးပါတယ်၊ သြော် ချိုင်းခွေးတောင့်ပဲ၊ အဲ မမြင်ကွယ်ရာစွပ်ဖို့ ရှာဦးမှာပဲ၊ ဟော တွေ့ပြီစွပ်ကျယ်"





သူအလုပ်ရှုပ်နေတုန်းမှာပင်

"တီတီတီ တီတီတီ"

ဖုန်းမြည်သံ။ နံပါတ်ကြည့်လိုက်တော့ သူငယ်ချင်းဝင်းထွန်း။

"ဟဲလို ဝင်းထွန်း ပြော"

တစ်ဖက်မှအသံက

"အေး ဟော့ကောင်ငရဲ၊ ဒီညတစ်နာရီခွဲမှာ မန်ယူနဲ့အာကြီးနော်၊ မန်ယူက ဆယ်ပြားပေါက်တယ်၊ မင်းဘယ်လောက်လုပ်မှာလဲ"

ဘောလုံးပွဲအသံကြားတော့ တက်ကြွသွား၏။ နောက်မှ ပြန်သတိရပြီး

"ငါ ငါ ဒီညမအားဘူးကွ၊ အဲဒီတော့ လာနိုင်မယ်မထင်ဘူး"

တစ်ဖက်မှ အသံတိတ်သွားသည်။ ခဏနေမှ

"အရေးကြီးတဲ့ ဘောလုံးပွဲမှ လာမကြည့်ရအောင် မင်းက ဘယ်လောက်အလုပ်များနေလို့လဲ၊ ဘာလဲ နိုင်ငံတော်သမ္မတလား"

သြော် သူပြောပုံက သမ္မတပင် ဘောလုံးပွဲကြည့်ရမည့်ပုံ။

"မ မဟုတ်ဘူးကွ၊ ငါမအားဘူးဆိုတာ အဟဲ"

"ဘာလဲ"

"မိန်းမခိုးမလို့ကွ၊ ဟီဟိ"

သူ့စကားကြောင့် တစ်ဖက်မှ အသံတိတ်သွား၏။ နောက်မှ ကြားလိုက်ရသည့် အသံက

"အာ ဟော့ကောင် မိန်းမက ဒီနေ့မခိုးလဲ နောက်နေ့ခိုးလို့ရတယ် ဟော့ကောင်၊ ဒီဘောလုံးပွဲက ဒီနေ့မကြည့်ရရင် နောက်နေ့လဲ Live ကို ကြည့်ရတော့မှာ မဟုတ်ဘူး၊ ဒီတော့ မဖြစ်မနေ လာကြည့်ကွ၊ ငါထင်တယ် ဗန်ပါစီ ဂိုးသွင်းလိမ့်မယ်"

တစ်ဖက်မှ ဖုန်းချသွားသည်။ ရင်ကလဲ တဒိန်းဒိန်းနှင့်ခုန်နေ၏။ သူ့အသည်းစွဲ မန်ယူအသင်းနှင့် ရန်သူတော်ကြီးအာဆင်နယ်



www.burmeseclassic.com

www.burmeseclassic.com



တို့ ပြိုင်ကြမည်ကိုး။ ဒီလိုပွဲမျိုးကြည့်ပြီး

"မန်ယူကွ"

ဟူ၍ အော်လိုက်ရသော အရသာက ဘာနှင့်မှမလဲနိုင်။ တစ်ဖက်အသင်း အားပေးသူများရှေ့ ဖင်နှစ်တုံးလုံးလုံးကြီးပေါ် အောင် ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ရှိစုမဲ့စုဗလနှင့် လက်သီးလက်မောင်းတန်းအော်ဟစ်ရသည်။ အရသာရှိလိုက်လေခြင်း။ နောက်ပြီး ဝင်းထွန်းပြောသလို မိန်းမက ဒီနေ့မခိုးလဲ ရက်ရွှေ့လိုက်၍ရသည်။ ဒီကမ္ဘာ့ဘောလုံးပွဲက

"ငါ ဒီနေ့မအားလို့ ရက်ရွှေ့ကန်ကြကွာ"

လုပ်လို့မရ။ သူကန်ရမည့်နေ့မှာ ကန်မည်သာ။

နောက်ပြီး ဒီလိုပွဲမျိုးကို သူများကြည့်ပြီးမှ လာပြန်ပြောသည်ကို နားထောင်ရတာလဲ အရသာရှိမည်မဟုတ်။ ထို့ကြောင့် မိန်းမခိုးရမည်လား။ ဘောလုံးပွဲကြည့်ရမလား။ မရိုးမရွ ဖြစ်နေမိသည်။ နောက်မှ စဉ်းစားမိပြီး

"အို မိန်းမလဲခိုး၊ ဘောလုံးပွဲလဲကြည့်၊ နှစ်ခုလုံးလုပ်လို့ရတာပဲ"

ဟု အဖြေရကာ ဝမ်းသာသွားမိသည်။

"ဟုတ်တယ်၊ ညတစ်နာရီခွဲမှာ ဘောလုံးပွဲကြည့်၊ ပြီးရင် ခဏအိပ်၊ မနက်ရှစ်နာရီ ချောင်းသာကားဂိတ်မှာ သွားစောင့်၊ ရတာပဲဟာကို"

ဟုတွေးမိပြီး ခုန အမွေးအတောင်ကိစ္စများမေ့ပြီး မန်ယူတစ်သင်းလုံး ခေါင်းထဲရောက်လာပြန်လေတော့သည်။

× × ×





ဆဲ(လ်)တစ်ခုရဲ့ အတွင်းဆီသို့ အချစ်များ စိမ့်စီးတတ်ပါသလား။

သွေးကြောလေးတွေကြောင့် ဘာလို့အသက်ရှင်တာလဲလို့ မေးရင် ချစ်သူရဲ့ပါးပြင်ပေါ်မှာ တည်ရှိလို့ပေါ့လို့ပဲ ဖြေရမှာပါ။

ထပ်ပြီးပြောပါ။ ထပ်ပြီးပြောပြပါ။ နှင်းဆီကိုချစ်ရင် ဆူးကိုလဲ ချစ်ရမှာလား။ နှင်းဆီကိုချစ်ရင် ဆူးကိုလဲ ချစ်သင့်သလား၊ ထပ်ပြီးပြောပြပါ။

ဒါပေမယ့် သံသယစိတ်နဲ့တော့ နှင်းဆီကို မချစ်စေချင်ပါဘူး။

နှင်းဆီကို ဘာလို့ချစ်သလဲမေးရင်

"မင်းနှုတ်ခမ်းလေးတွေနဲ့ တူလို့ပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းနှုတ်ခမ်းလို ပွင့်ချပ်အမြောက်အများကို စီခွေပြီး မင်းဆံနွယ်စမှာ သီပန်လိုက်ပါ။ လှပစွာပြုံးပြီး အသံသာတဲ့ ငွေဆည်းလည်းကို လွှဲခပ်လိုက်ပါ။

သာယာနာပျော်ဖွယ်အသံများ စီညံခဲ့ပါစေကွယ်။

× × ×

စိုး : မိုး : ၈၁၆၀



ရဲမင်း ချစ်သူပန်းပွင့်နှင့် ချိန်းထားသော ကားဂိတ်ဆီသို့ ကြိုရောက်နေသည်။

တချို့ကားတွေ ထွက်ခွာသွားပြီဖြစ်သော်ငြား သူတို့လက်မှတ်ဝယ်ယူထားသော မော်တော်ကားကား ငြိမ်သက်နေဆဲ။

ရဲမင်းမှာလဲ ကားနားမနေရဲ။ တော်ကြာ ပန်းပွင့်၏အစ်ကိုလူမိုက်လိုက်လာ၍ ပက်ပင်းတိုးမည်ကိုလည်း စိုးရသေးသည်မဟုတ်လား။

နာရီကြည့်တော့ ခုနစ်နာရီခွဲ။ ကားထွက်မှာက ရှစ်နာရီ။ ပန်းပွင့်၏အရိပ်အယောင်ပင် မမြင်ရသေး။

“လေဆိပ်သွားပြီးမှ ပြန်ထွက်မရလို့ နောက်ကျနေတာလား”

စိုး : မိုး : ၈၁ ၀

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာတော့ တထိတ်ထိတ်။

လက်ဖက်ရည်ဆိုင် ချောင်ထဲမှာထိုင်၍ လိုက်လံငေးကြည့်မိသည်။ ပန်းပွင့်၏အရိပ်အယောင်မပြောနှင့် အနံ့တောင်မရသေး။

ကားဝင်းတစ်ခုလုံး ဘာမှထူးခြားသော အရိပ်အယောင်မတွေ့ရ။ သူ့အစ်ကို နိုင်ငံခြားက လာမယ်ဆိုတာ တကယ်မှဟုတ်ရဲ့လား။

တွေးမိတိုင်း ဝမ်းဗိုက်က ဟာသလိုဖြစ်ဖြစ်လာသည်။ မဖြစ်သေး။ နောက်တစ်မျိုး စဉ်းစားကြည့်သည်။

"ဟုတ်သား"

မိန်းမများ လင်လိုချင်လျှင် အိမ်မပြန်ရဲဘူး။ မိဘသိမှာ ဆွေမျိုးသိမှာဟူသော အကြောင်းပြချက်ပေးကြမြဲ။

ပြုံးလိုက်မိသည်။

ပန်းပွင့်လဲ လင်လိုချင်လို့ မရှိသည့်အစ်ကိုကို လူမိုက်လုပ်၍ ကြောက်ပြနေခြင်းလဲ ဖြစ်နိုင်သည်။ ဒါမှ လင်မြန်မြန်ရမှာကိုး။

ထပ်ပြုံးလိုက်မိသည်။

"ဒါကြောင့် အလျှင်စလို လုပ်နေတာကိုး"

တွေးမိပြီး စိတ်လက်ပေါ့ပါးသွားသည်။

ယောကျ်ားအလျှင်အမြန်လိုချင်သော မိန်းမတိုင်း အဖေကြောက်တယ်၊ အမေကြောက်တယ်၊ အားလုံးကြောက်တယ်နှင့် ကြောက်ရောဂါခဏစွဲကပ်ကြသည်ချည်း။

ယခုလဲ ပန်းပွင့်ကြောက်ပြီ။ ပန်းပွင့်ကြောက်လျှင်

ဟီးဟီးပေါ့။ ဒါပဲရှိတာပဲ။ ဟီးဟီးပေါ့။

ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးပြီး စိတ်လက်ပေါ့ပါးစွာ ဆိုင်ပြင်ထွက်လိုက်သည်။

"ကျွီ"





သူအပြင်ရောက်သည်နှင့် ထိုးဆိုက်လာသောကားတစ်စီး။ ပန်းပွင့်မှတ်၍ ပြေးသွားမိသည်။ သို့သော်

"ဟင်"

ကားပေါ်မှ ဆင်းသက်လာသော လူစိမ်းငါးဦး။ အားလုံးကြောက်မက်ဖွယ်ရုပ်ကြီးတွေနှင့်။

ထိုသူများအားလုံး ရဲမင်းထံ ဦးတည်လာကြသည်။

ကြည့်လိုက်တော့ ထိုအထဲတွင် မနေ့က သူရန်သွားရှာခဲ့သော ခေးငမိုးပါနေသည်။

ရဲမင်းလဲ ရုတ်တရက်မို့ ကြောင်ကြည့်နေမိသည်။ ထိုအထဲမှ ခေါင်းဆောင်ဖြစ်သူက ရဲမင်းရှေ့လာရပ်သည်။

ရုပ်ကြီးက ကြမ်းထော်၍ ကြောက်စရာ။

"မင်းလားကွ၊ ငါ့ညီမပန်းပွင့်ရဲ့ ရည်းစားဆိုတာ"

ရဲမင်း ကြက်သေသေနေမိသည်။ မျက်နှာက ပန်းပွင့်နှင့် ဘာမှမဆိုင်။ ခန္ဓာကိုယ်အနှံ့၌လဲ တက်တူးရောင်စုံများ ထိုးနှံ့ထားသည်။

"ဟော့ကောင် မေးနေတယ်၊ မင်းလား ငါ့ညီမရည်းစားဆိုတာ"

ရဲမင်း လန့်ပြီး ခေါင်းညိတ်မိစဉ်မှာပင်

"အု"

ရင်ဝကို လာစိုက်သော ခပ်စူးစူးတစ်ခု။ ငုံ့ကြည့်လိုက်တော့ ဓားတစ်ချောင်း။

"ဠ"

ရင်ကွဲကျသွားသောအသံ။ ဖြာထွက်လာသောသွေးများ။ ကြောင်ပြီးကြည့်နေတုန်းမှာပင် အခွေလိုက်ထွက်ကျလာသောအူများ။

"ဟော့ကောင် ပေကြိုးပေးစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"Yes အာဝီ"

ပေကြိုးက ဆောက်လုပ်ရေးသုံးပေကြိုး။

"ခြောက်ပေ ခုနစ်ပေ"

မိမိ၏အူများကို စိမ်ပြေနပြေ ပေကြိုးနှင့် ထုတ်တိုင်းနေသည်။ သူပင်ယောင်ပြီး

"နှစ်စိတ်လျော့နေသေးတယ်၊ ဟိုဖက်နည်းနည်းတိုး၊ ဟင်"

သူ့ဗိုက်အကွဲကြီး ပြန်မြင်ရသည်။

ထိုတော့မှ လန့်ပြီး

"အား"

လန့်ပြီး ထအော်မိ။ အူများက အခွေလိုက်။

"အား"

× × ×





"အား"

လန့်ပြီး ထအော်မိသည်။ ခန္ဓာကိုယ်တစ်ခုလုံး ချွေးများဖြင့် ရွှဲနစ်နေ၏။ နောက်မှသတိရပြီး သူ့ကိုယ်သူပြန်စမ်းကြည့်သည်။

"ဟာ"

ဗိုက်က အကောင်းပင်။ ထိုတော့မှ ဘေးဘီပြန်ဝေ့ကြည့်မိသည်။

"ဟင်"

သူက သူ့အိမ်မှာပင်။ အဝေးပြေးမှာမဟုတ်။

"ဒါ ဒါဆို အိပ်မက်မက်တာဖြစ်မယ်၊ ဟူး"

စိတ်သက်သာရာ ရသွားမိ၏။

"ကလင် ကလင် ကလင်"

တယ်လီဖုန်းမှမြည်သံ။ မက်ဆေ့(ခ်ျ)တစ်ခုခုရောက်၍ မြည်သောအသံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



နာရီကြည့်လိုက်မိသည်။

"ကိုးနာရီလေးဆယ့်ငါး"

"ဟာ"

ခေါင်းနပန်းကြီးသွားမိ၏။

သေပြီ၊ သေပြီ၊ ပန်းပွင့်နှင့် ကားဂိတ်မှာချိန်းထားတာတာ ရှစ်နာရီ။

ကမန်းကတန်း မက်ဆေ့(ချ်)ကို ဖွင့်ဖတ်လိုက်သည်။

"ကိုရဲ"

"ဘယ်လိုမှ ဖုန်းခေါ်မရလို့ ချောင်းသာတစ်ဖက်ကမ်း ဖိုးကုလားကျွန်းကို ထွက်သွားပြီ၊ တကယ်ချစ်ရင် လိုက်ခဲ့ပါ။ ဖုန်းပြန်မခေါ်ပါနဲ့၊ ကိုကို ခြေရာခံမိသွားလိမ့်မယ်၊ ဟိုရောက်မှ ဖုန်းပြန်ခေါ်မယ်၊ ပန်းပွင့်"

"ဟာ"

ရဲမင်း ကိုယ့်ခေါင်းကိုယ် ပြန်အုပ်ကိုင်လိုက်မိသည်။ နှုတ်မှလဲ

"သွားပြီ၊ သွားပြီ၊ အကြီးကြီးကိုလွဲပြီ"

ညက မနေနိုင်မထိုင်နိုင် မန်ယူနှင့် အာဆင်နယ်ပွဲ သွားကြည့်ပြီး မနက်မထနိုင်ခြင်းပင်။ ဒါကို အိပ်နေရင်း ဆည်းလည်းသံလိုလို ကြားနေရခြင်းမှာ ချစ်သူပန်းပွင့် ဖုန်းခေါ်နေတာ ဖြစ်နိုင်သည်။ ထိုတော့မှ ခုန်ထပြီး

"ဟာ မဖြစ်ဘူး၊ မဖြစ်ဘူး၊ အမြန်လိုက်မှ"

ဆိုကာ ရရာအထုပ်ဆွဲပြီး ကားဂိတ်ဆီသို့ ခြေကုန်သုတ်ရလေတော့သည်။

× × ×





"ဘာကွ၊ ညီမလေးခိုးရာလိုက်သွားပြီ ဟုတ်လား"

ခန်းလုံးပြည့်မျှ အော်သံကျယ်ကျယ်။ ကျန်သူများ တုတ်တုတ်မလှုပ်ရဲ။ မင်းထင် တစ်ယောက်ချင်း စေ့စေ့လိုက်ကြည့်သည်။ တာဝန်အရှိဆုံး ခားငမိုးကတော့ ပါးစပ်ကသွေးစများနှင့် အခန်းထောင့်တစ်ခုတွင် ခွေခွေလေးလဲနေပေပြီ။

မင်းထင်အခန်းရှေ့တွင် ထောင်ထားသော ဂျပန်ကင်ဒိုဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်သည်။ ရပ်နေသူအားလုံး သေးပင်ထွက်ကျမတတ် ကတုန်ကယင်ဖြစ်နေ၏။ မင်းထင် တစ်ယောက်ချင်းလှည့်ပတ်ကြည့်သည်။

အင်္ကျီချွတ်ထား၍ သူ၏ခန္ဓာကိုယ်တွင် ရောင်စုံတက်တူးများ



www.burmeseclassic.com

www.burmeseclassic.com



အထင်းသား။ နောက် ထိုထက်ပိုသိသာသည်က ခန္ဓာကိုယ်တက်တူးများအပေါ်ကမှ ပြတ်ရှဒဏ်ရာများ။

ထိုဒဏ်ရာများကြည့်ခြင်းဖြင့် ဘယ်လိုလူလဲဆိုတာ ချက်ချင်းသိနိုင်လောက်ပေသည်။

"မင်းတို့ကို အသေအချာပြောထားပါလျက်နဲ့ ဒီကောင်မလေးက ဘယ်လိုထွက်သွားတာလဲ ပြောစမ်း"

သူ့အမေးကို တပည့်တစ်ယောက်ဖြစ်သူ သံလက်သည်းက

"ဒီ ဒီလိုပါဆရာ၊ မနေ့ကအထိ ကျွန်တော်နဲ့ဆရာမိုး အသေအချာစောင့်ကြည့်ခဲ့ပါတယ်၊ ဒီမနက်ကျမှ ဆရာ့ကို လေဆိပ်မှာသွားကြိုမယ်၊ တစ်ယောက်မှမလိုက်နဲ့ဆိုလို့ ကျွန်တော်တို့လဲ ယုံကြည်ပြီး တစ်ယောက်တည်း လွှတ်လိုက်တာပါ"

"ယုံကြည်ဦးကွာ"

"ခွပ်"

မင်းထင်၏လက်သီးက သံလက်၏မေးဖျားကို စိုက်ကျသွားသည်။ အထိုးခံရသော သံလက်ခမျာ နေရာမှာတင်ပုံလျက်။

"ကဲ ပြောစမ်း၊ အခု ပန်းပွင့်ကဘယ်သွားလဲ၊ ဘယ်သူနဲ့ ပါသွားလဲ၊ သူ့ရည်းစားဆိုတာ ဘယ်ကောင်လဲ၊ ပြောလေကွာ"

သူ့ဒေါသတကြီးအမေးကို သာကေတတွင်သောင်းကျန်းနေသောမောင်ဆန်းက

"ကျွန် ကျွန်တော်တို့ စုံစမ်းသိရှိရသလောက် ပန်းပွင့်က လေဆိပ်မှာ ကားထားပြီး အဝေးပြေးဂိတ်ကနေ ချောင်းသာကားတက်စီးသွားတယ် ကြားတယ်ဆရာ"

"ချောင်းသာ"

မင်းထင် မျက်မှောင်ကြုတ်သွား၏။

"ဟုတ်တယ် ဆရာ"





"ဘယ်သူပါသွားလဲ"

"သိရသလောက် ဘယ်သူမှမပါဘူး ဆရာ၊ ကျွန်တော်တို့အထင်ကတော့ သူ့ဘဲ၊ အဲလေ သူ့ရည်းစားက ချောင်းသာမှာ ဘိကီနီနဲ့ ရေအတူကူးဖို့ ကြိုစောင့်နေမယ်ထင်တယ် ဆရာ"

"ဘာ"

မင်းထင်၏ အော်သံကျယ်ကျယ်။ ပြီးနောက်

"ဘိကီနီနဲ့ ရေအတူကူးမယ် ဟုတ်လား၊ ဟား"

"ခွပ်"

"ခွပ်"

"အောင်မလေး သေပါပြီခင်ဗျ"

သာကေတတွင် သောင်းကျန်းသော မောင်ဆန်းလဲ သွားနှစ်ချောင်းကျွတ်သွားသည်။ မင်းထင်က ဒေါသမပြေသေး။

"ဒါဆို ငါဘာလုပ်သင့်လဲ"

သူ့အမေးကို လက်မောင်းချက်ဖောင်းက

"ကျွန်တော်တို့ ချောင်းသာလိုက်ပြီး အဲဒီကောင်ကို ရှာပေးရမလားဆရာ"

"တိတ်"

"အု"

ချက်ဖောင်း သူ့လက်မောင်းနှင့် သူ့အသံသူမြိုချလိုက်ရသည်။

"မင်းတို့လိုက်စရာမလိုဘူး၊ ငါကိုယ်တိုင်လိုက်ပြီး ဒီကောင့်ကို အုထုတ်လာခဲ့မယ်"

"ကျွန်တော်တို့လိုက်ခဲ့"

"တိတ်"

မင်းထင်က ထအော်ပြန်သည်။ အားလုံးအသံတိတ်ကုန်ပြန်၏။ မင်းထင်ကသာ



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လိုက်ရင် ရုတ်ရုတ်သဲသဲနဲ့ သူတို့သိကုန်မယ်၊ ဒါကြောင့် ငါတစ်ယောက်တည်းသွားမယ်၊ ချောင်းသာသွားဖို့ ဂျစ်ကားထုတ်ထား၊ ဒါပဲ"

"Yes Boss"

× × ×





ရဲမင်းခမျာ ကံဆိုးစွာပင် ချောင်းသာကားတစ်စီးမှ မရဘဲ ပုသိမ်ကားသာရ၍ ပုသိမ်သို့သာရောက်၏။ ချောင်းသာရောက်ရန်က အဝေးကြီးလိုသေး။

ညနေမစောင်းတစောင်းကြီး ရောက်သွား၍ ချောင်းသာသွားသော လိုင်းကားများက မရှိ။ ပုသိမ် ချောင်းသာလမ်းမပေါ်၌ ကြုံရာကားသာ ရလိုရငြား တားနေရလေသည်။

ဖြစ်ချင်တော့ ကားများကလဲ ကိုယ်ပိုင်ကားချည်းမို့ တစ်စီးမှမရပ်ပေး။ ချစ်သူပန်းပွင့်ဆီ ဖုန်းဆက်တော့လဲ ဖုန်းကပိတ်ထားသည်။

ဘယ်လိုမှ မတတ်နိုင်တော့။ ရလိုရငြား လာသမျှကားသာ



www.burmeseclassic.com

www.burmeseclassic.com



တားနေရလေသည်။

ညဖက်ရောက်သွားလျှင်လဲ ကောင်းပေလိမ့်မည်။ ညဖက်ဆိုလျှင် ချောင်းသာလိုင်းကားများက စည်ကားပြီပဲ။ ယခုတော့ ကိုးလုံးကန့်လန့်အချိန်ကြီးမို့ ဘယ်ကားမှ တား၍မရ။ သို့သော် မတတ်နိုင်။ ရလိုရငြား တားနေရဆဲ။

ဘယ်ကားမှ တားမရ၍ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်စဉ်

"ကျွိ"

အနီးနားလာရပ်သော ဂျစ်ကားတစ်စီး။ ကားပေါ်တွင် ရုပ်ရည်သန့်သန့်ပြန့်ပြန့်နှင့် မျက်မှန်နက်တပ်ထားသော ဆံပင်ရှည်ရှည် လူရွယ်တစ်ဦး။ ထိုသူမှပင် ကားကိုရပ်ပြီး

"ညီလေး ဒါ ချောင်းသာသွားတဲ့လမ်းလား"

ရဲမင်း ဝမ်းသာသွားသည်။ ထို့ကြောင့် အားရဝမ်းသာပင်

"ဟာ ဟုတ်တယ်အစ်ကို၊ ဒီလမ်းပဲ၊ ဒါနဲ့ အစ်ကိုလမ်းမသိဘူးမှတ်တယ်"

ထိုသူမှ ခေါင်းညိတ်၍

"ဟုတ်တယ် ညီလေး၊ အခုတောင် မနည်းမေးစမ်းလာရတာ"

ရဲမင်း ဝမ်းသာသွားသည်။

"ဟာ ဒါဆိုမပူနဲ့၊ ကျွန်တော်လဲ ချောင်းသာသွားဖို့ ရလိုရငြား ကားတားနေတာ၊ ကျွန်တော့်ကို ကျေးဇူးပြုပြီး ခေါ်သွားပေးပါ၊ အစ်ကိုလဲ အဖော်ရတာပေါ့၊ ကျွန်တော်လမ်းပြပေးပါ့မယ်"

ရဲမင်းကိုကြည့်၍ ကားပေါ်ကလူရွယ် တစ်ချက်ငြိမ်သွားသည်။ ပြီးမှ

"လိုက်ခဲ့လေ ရပါတယ်"

ရဲမင်း အကြီးအကျယ် ဝမ်းသာသွားသည်။

"ဟား ကျေးဇူးပဲအစ်ကိုရာ ကျေးဇူးပဲ၊ ဒီလိုမှပဲ ကျွန်တော်





လဲ ချောင်းသာအမြန်ရောက်မှာ"

ဆိုကာ ကားအရှေ့ခန်းသို့ ပြေးတက်လိုက်သည်။ သူ ကားပေါ်ရောက်သည်နှင့် ကားကလေးက ဝူးခနဲမောင်းထွက်သွားသည်။

ရဲမင်းက ကားမောင်းသောလူရွယ်ကိုကြည့်၍

"အကျႌက သိပ်မိုက်တာပဲ ဟဲဟဲ"

လူရွယ်က ကားမောင်းရင်း သူ့အကျႌသူပြန်ကြည့်သည်။ အကျႌက ဂျပန်ရာကုဆာများဝတ်သောအကျႌလို ကြောင်ကြောင်ကြားကြားလက်ရှည်ကြီး။

"ပင်လယ်နဲ့ဒီဝတ်စုံက သိပ်လိုက်မှာပဲ၊ ဟီးဟီး"

လူရွယ်က ဘာမှမပြော။ ကားကိုသာ ဂရုတစိုက်မောင်းနှင်နေသည်။ ရဲမင်းကသာ နဂိုလျှာချောင်နေသူမို့

"ညကဗျာ၊ မန်ယူနဲ့ အာဆင်နယ်ပွဲကြည့်နေတာနဲ့တင် အိပ်ရာထ နောက်ကျသွားတာ"

ရဲမင်းစကားကြောင့် ကားမောင်းနေသူ ခေါင်းထောင်သွားသည်။

ဟာ အစ်ကိုကလဲ

ရှန်းနီက

ဖာဂူဆန်

မရှိကတည်းက

ကွင်းထဲဝင်ရဖို့တောင်

သိပ်မသေချာတဲ့ဟာကို





www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဘယ်သူနိုင်သွားလဲ"

သူလဲ ဘောလုံးဝါသနာအိုး ဖြစ်နိုင်သည်မို့ ရဲမင်းအားတက်သွားသည်။

"မန်ယူနိုင်တာပေါ့ အစ်ကိုရာ၊ တူးဖီး၊ ဇန်ပါစီချည်းသွင်းတာ"

"ဟုတ်လား၊ ရွှန်းနီကရော"

"ဟာ အစ်ကိုကလဲ ရွှန်းနီက ဖာဂူဆန်မရှိကတည်းက ကွင်းထဲဝင်ရဖို့တောင် သိပ်မသေချာတဲ့ဟာကို"

"ဒါပေမယ့် ကောင်းသေးတယ်နော်"

"ကောင်းတာပေါ့အစ်ကိုရာ၊ ဒါပေမယ့် အခုနည်းပြကစားကွက်က သူနဲ့မလိုက်ဘူးဖြစ်နေတာ"

"အေး အဲဒါ ကျုပ်လဲမကြိုက်တာ၊ ဒါနဲ့ ညီလေးက"

ရဲမင်း ကော်လံထောင်ရင်း

"မန်ယူ"

ကားမောင်းနေသောလူရွယ်မျက်နှာ ပွင့်လန်းသွားပြီး

"အစ်ကိုလဲ မန်ယူ၊ ရှိတ်လိုက်"

လက်ဝါးနှစ်ခု ဖြောင်းခနဲရိုက်လိုက်ကြသည်။ အသင်းတူကစားသမားချင်းမို့ ချက်ချင်းလေပေးဖြောင့်သွား၏။

"ဒါနဲ့ မန်စီတီးနဲ့ ဘယ်နှမှတ်ကွာပြီလဲ"

"ခုနစ်မှတ်လေအစ်ကို၊ ဟိုကောင်တွေ သုံးပွဲနိုင်တာတောင် မသေချာဘူး"

"ဟုတ်တယ်၊ ဒါပေမယ့် ချယ်လ်ဆီးလဲ ရှိသေးတယ်နော်"

"ဟုတ်တယ်အစ်ကို၊ ချယ်လ်ဆီးကို မော်ရင်ဟိုသာရောက်လာရင်"

"မော်ရင်ဟိုက မန်ယူလာရင် ပြီးရောကွာ၊ ဒီလူကြီးက"





"မော်ရင်ဟိုနဲ့ဆို ကစားကွက်က"

"ဒါပေမယ့် ညီလေးရ၊ မော်ရင်ဟိုက"

စကားတွေ ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်ကုန်၏။ နေလုံးကြီးက တဖြည်းဖြည်းကျနေပြီ။ သူတို့စကားတွေက မဆုံးသေး။ ဤသို့ဖြင့်. .

× × ×



www.burmeseclassic.com

www.burmeseclassic.com



ညနေ နေဝင်ပြီးမှ သူတို့ကားလေး ချောင်းသာသို့ရောက်၏။ ဒါတောင် စကားတွေက မဆုံးသေး။

ဟိုတယ်အကောင်းစားတစ်ခုရှေ့ ကားကိုရပ်ထားသည်။

"အေးကွာ၊ ချောင်းသာ,သာ ရောက်လာတာ၊ ဘယ်လိုရောက်လာမှန်းမသိဘူး"

"ဟုတ်တယ်အစ်ကိုရ၊ စကားပြောကောင်းကောင်းနဲ့ပြောလာတာ"

နှစ်ယောက်သား ပြုံးပြုံးရယ်ရယ်။

"ဒါနဲ့ အစ်ကိုက အလည်ပဲလား"

ရဲမင်းအမေးကို လူရွှယ်မှ





"ဆိုပါတော့ကွာ၊ အလုပ်တွေ့တော့လဲ လုပ်လိုက်တာပေါ့"

လူရွှယ်စကားကို ရဲမင်းသဘောကျသွားကာ

"အစ်ကို့စကားတော့ လေးစားသွားပြီဗျာ၊ ဘာတဲ့ အလုပ်တွေ့တော့လဲ လုပ်လိုက်တာပေါ့တဲ့၊ ဟီဟိ ယောက်ျားဆိုတာ အဲဒါမျိုး ဖြစ်နေရမှာ၊ ကျွန်တော်ဆိုလဲ လုပ်စရာရှိတာ လုပ်ပစ်လိုက်တာပဲ ဟဲဟဲ"

ဟိုကပြောတာတစ်မျိုး။ သူတွေးတာကတစ်မျိုး။ သို့သော် နှစ်ယောက်သား အဆင်ပြေနေ၏။

"ဒါနဲ့ ညီလေးကရော"

ရဲမင်းက ပြုံးပြီး

"ရှာစရာလေးရှိလို့ အစ်ကိုရာ၊ အဲဒါ လာရှာတာ"

ရဲမင်းစကားကို လူရွှယ်သဘောကျပြီး

"ဟားဟား ကြိုက်ပြီကွာ၊ ရှာစရာရှိလို့တဲ့၊ ဒီမှာညီလေး"

"ဗျာ အစ်ကို"

"ရှာစရာရှိတာရှာ၊ တွေ့ရင် လုပ်သာလုပ်ပစ် သိလား"

"ဟားဟား စိတ်ချပါအစ်ကိုရာ၊ ကျွန်တော်က အစ်ကိုကြိုက်တဲ့ ရွှန်းနီထက်ကို ဂိုးသွင်းမည့်ပါဘူး"

"ဟားဟား ဒါမျိုးပဲ ဖြစ်ရမှာပေါ့"

နှစ်ယောက်သား စကားပင်မဆုံးနိုင်သေး။ နောက်ဆုံး လက်ဆွဲနှုတ်ဆက်ပြီး

"ကဲ အစ်ကိုရာ၊ စကားကလဲ ပြောကောင်းနေတယ်၊ ကျွန်တော်လဲ ရှာစရာရှိတာ ရှာရဦးမယ်၊ သွားမယ်ဗျို့"

"အေး အေး သွား သွား၊ လုပ်စရာရှိတာ လုပ်ခဲ့နော်၊ ဪ ဒါနဲ့ ညီလေးနာမည်က"

ရဲမင်းက ပြုံးပြီး



www.burmeseclassic.com

www.burmeseclassic.com



"ရင်းရင်းနှီးနှီး ငရဲလို့ပဲ ခေါ်ပါဗျာ၊ ရပါတယ်၊ ဒါနဲ့ အစ်ကိုက"

လူရွယ်လဲ ပြုံးပြီး

"မင်းက ငရဲဆို၊ ကိုယ်က ငထင်ပေါ့ကွာ၊ ဟားဟား ငထင်လို့ ခေါ်ရင်ရပါပြီ"

နှစ်ယောက်သား လက်မလွှတ်သေးဘဲ ပြုံးရယ်နေမိသည်။ နောက်မှ ရဲမင်းက

"ကဲ ဒါဆို သွားပြီကိုထင်ရေ၊ သွားပြီ"

"အေး ငရဲ၊ နောက်မှဆုံကြတာပေါ့"

နှစ်ယောက်သား လမ်းမခွဲချင်ခွဲချင်နှင့် ခွဲလိုက်ကြရသည်။

× × ×





ရဲမင်း အချိန်မီစေရန် ဖိုးကုလားကျွန်းသို့ စက်လှေတစ်စီးနှင့် ကူးသွားရသည်။ ချောင်းသာကမ်းခြေနှင့် သိပ်မဝေး၍ ခဏသာ စက်လှေစီးရသည်။

ဖိုးကုလားကျွန်းက ချောင်းသာလိုမဟုတ်ဘဲ ကျောက်ဆောင်ကျောက်တန်းများနှင့်မို့ တစ်မျိုးလှပါသည်။

ကျွန်းကလဲ ချောင်းသာနှင့်ခြားနားစွာ တောတောင်များနှင့်မို့ သွားရလာရတော့ အဲနည်းငယ်ခက်သည်။ မော်တော်ကားမပြောနှင့်၊ စက်ဘီးပင်မမြင်ရ။

ဒီလိုနေရာမျိုးရွေးပေးသော နီနီကို ကြိတ်ပြီးကျေးဇူးတင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သား။ ဒီလိုနေရာမျိုး မိန်းမခိုးလာမယ်လို့ ဘယ်သူက ထင်မည်နည်း။

နေရာကလဲ ကျောက်ဆောင်များ တောတန်းများနှင့်မို့ တော်ရုံလဲ ရှာလို့လွယ်မည်မဟုတ်။ သို့သော် ပင်လယ်ကြီးကိုတော့ အထင်းသားမြင်နေရသည်။ပဲ။ (ချောင်းသာရောက်ရင် သွားလည်ကြစမ်းပါဗျာ၊ ကျွန်တော်ကြိုက်လွန်းလို့)

ရဲမင်း အားတွေရကာ ချိန်းထားသည့်နေရာသို့ သွားလိုက်သည်။

"ဟင်"

တဲတစ်ခုရှေ့တွင် အုန်းသီးထိုင်ခုတ်နေသော အမျိုးသမီးတစ်ဦး။

"အဒေါ် အဒေါ် ဒီ ဒီမှာ ပန်းပွင့်ဆိုတဲ့ မိန်းကလေးရှိလား"

အဒေါ်ကြီးက အုန်းသီးခုတ်နေရာမှ ရပ်သွား၏။

"မင်းက ဘယ်သူလဲ"

"ကျွန်တော် ရဲမင်းပါ"

"မှတ်ပုံတင်ပြ"

"ဗျာ"

အဒေါ်ကြီးစကားကြောင့် ရဲမင်းကြောင်သွားမိသည်။ နောက်မှ သတိရပြီး

"ဪ ဒီမှာပါခင်ဗျ"

ဆိုကာ မှတ်ပုံတင်ထုတ်ပေးလိုက်သည်။ အဒေါ်ကြီးက မှတ်ပုံတင်ကြည့်လိုက်၊ လူကြည့်လိုက်နှင့် သေချာတော့မှ

"ဒီမှာ ခဏစောင့်"

ဆိုကာ တောတန်းဖက် တက်သွား၏။ ရဲမင်း သက်ပြင်းချမိသည်။





"ဪ အတော်တိကျသည့်ချစ်သူပဲ"

စိတ်ထဲတွေးမိသည်။ သူ၏အစ်ကိုများ လိုက်လာမည်စိုး၍ ဤသို့လျှို့ဝှက်အစောင့်များနှင့် ကြိုတင်ကြံစည်ထားခြင်းပေပဲ။ ဒါမှ ဒီကျွန်းပေါ်ရောက်နေမှန်း သိလျှင်လဲ တော်ရုံရှာလို့လွယ်မည်မဟုတ်။

ရဲမင်း ပြုံးလိုက်မိသည်။

ဘေးဘီဝေ့ကြည့်၍ စိတ်ကူးယဉ်လိုက်သေးသည်။

"အင်း ဟိုးနားကျောက်တန်းအကွယ်နားဆို မဆိုးဘူး"

"အဲ ဟိုးဖက်သောင်ပြင်အကွယ်ဆို လူရှင်းလိမ့်မယ်"

"ကိုထင်ကြီးပြောသလို လုပ်စရာရှိတာ လုပ်မှပဲ၊ ဟီဟိ"

အရေးထဲ ကားပေါ်ခင်လာသူကို သတိရနေသေး၏။ အတန်ကြာမှ ခုနအဒေါ်ကြီး ပြန်ဆင်းလာသည်။

"ဟင်"

ချစ်သူပန်းပွင့် ပါမလာ။

"ဪ လျှို့ဝှက်အိမ်မှာ နေခဲ့တယ်ထင်ပ့ါ"

ရဲမင်းတွေးနေစဉ်မှာပင် အဒေါ်ကြီးက ဘယ်သူမှမရှိတာတောင် ဘယ်သူမှမမြင်စေချင်သော ပုံမျိုးနှင့် စာရွက်ခေါက်လေးတစ်ခု လာပေးသည်။

"ရော့"

ရဲမင်းလဲ ဘုမသိဘမသိနှင့် လှမ်းယူလိုက်သည်။ နောက်မှ သတိရပြီး ဖွင့်ဖတ်လိုက်တော့

"ကိုရဲ

အစ်ကိုသိသွားလို့ ချောင်းသာလိုက်လာတယ်၊ မနေရဲလို့ မန္တလေးက အောင်စိုးရည်းစား မေဂျွန်တို့အိမ်ကိုသွားပြီ၊ အမြန်ဆုံးလိုက်ခဲ့၊

ပန်းပွင့်"



www.burmeseclassic.com

www.burmeseclassic.com



“ဟာ”

ရဲမင်း မျက်လုံးပြူးသွားမိသည်။ စိတ်ထဲတွင်လဲ

“သွားပြီ၊ ခဲလေသမျှ သဲရေကျပြီ”

ခန္ဓာကိုယ်က ပျော့ကျမလို ဖြစ်သွားသည်။

“တောက် ဒီအစ်ကိုဆိုတဲ့ကောင်ကလဲ သိပဲသိနိုင်လွန်းတယ်၊ သေပါစေကွာ”

စိတ်ထဲကြိတ်၍ ကြံမိသေး၏။ နောက်မှ သတိရပြီး

“မဖြစ်သေးဘူး၊ မီအောင်သွားမှပဲ”

ဆိုကာ ချောင်းသာကမ်းခြေဖက်ပြန်ရန် အမြန်ထွက်ခွာရပြန်လေသည်။

ထိုသို့ပင်. .

× × ×





မင်းထင် ပင်လယ်ကြီးကို စိတ်လွတ်လက်လွတ် ငေးနေမိသည်။ ဒေါသဖြင့်သာ လိုက်လာရသော်လည်း ညီမဖြစ်သူတို့၏စုံတွဲကို ဘယ်လိုအစရှာရမှန်းမသိ။ မြန်မာပြည်မှာကလဲ မနေတာကြာပြီမို့ ဘယ်ကဘယ်လိုသွားရမှန်းပင် ဇဝေဇဝါ။

“ကလင် ကလင် ကလင်”

တယ်လီဖုန်းမြည်သံ။ ကြည့်လိုက်တော့ တပည့်ကျော် ဓားငမိုးဆီကဖုန်း။ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

“ပြော ငမိုး၊ ဘာသတင်းရလဲ”

“ဆရာ”

ငမိုးအသံက ပုံမှန်မဟုတ်။ ဒေါသထွက်မည်စိုး၍ အသာ



www.burmeseclassic.com

www.burmeseclassic.com



နားစွင့်နေလိုက်သည်။

“ဆ ဆရာ့ညီမ ပန်း ပန်းပွင့်”

“အေး ပြော၊ ဘာဖြစ်လို့လဲ”

တစ်ဖက်မှ အသံတိတ်သွားသေး၏။ ပြောသင့်မပြောသင့် စဉ်းစားနေပုံ။ အတန်ကြာမှ

“ပန်း ပန်းပွင့် ချောင်းသာမှာ မရှိတော့ဘူးဆရာ”

“ဘာ ဘာပြောတယ်”

မင်းထင်ပေါက်ကွဲသွားသည်။ သူအပင်ပန်းခံလိုက်လာပြီးမှ မရှိတော့ဘူးဆိုတာကိုး။

“ဟင် မင်းတို့ပြောတော့ ချောင်းသာမှာဆို၊ အခု ဘာကြောင့် ချောင်းသာမှာ မရှိတော့တာလဲ”

တစ်ဖက်မှ အသံတုန်တုန်ဖြင့်

“ဟုတ်ပါတယ်ဆရာ၊ သွားတာကတော့ ချောင်းသာသွားတာ သေချာတယ်၊ အဲ ဒါပေမယ့် ဆ ဆရာ ချောင်းသာလိုက်သွားမှန်း သိတာနဲ့ တစ်ခါတည်း ကားစီးပြီး မန္တလေးဖက်တက်သွားတယ်လို့ ပြောတယ်ဆရာ”

“ဘာ”

မင်းထင် ခေါင်းပါကိုက်ချင်သွား၏။

“နေ နေစမ်းပါဦး၊ ငါချောင်းသာကို လိုက်သွားတာ ပန်းပွင့်က ဘယ်လိုသိတာလဲ”

“မပြောတတ်ဘူးဆရာ၊ သူ့သူငယ်ချင်းတွေလဲ ဆရာ့လိုပဲ ဆရာ့ကိုစောင့်ကြည့်ဖို့ လူလွှတ်ထားတယ် ထင်တယ်”

“တောက်”

မင်းထင် ထိုင်ရမလို ထရမလို ဖြစ်သွား၏။

“ဒါဖြင့် သူနဲ့သူ့အကောင်ဆိုတာ ပါသွားလား ပြောစမ်း”





စကားသံ ပြန်တိတ်သွား၏။ ပြီးမှ

“သိရသလောက်၊ သူတစ်ယောက်တည်း ကားပေါ်တက်သွားတယ်လို့ သိရပါတယ်ဆရာ”

“ဟင်း”

မင်းထင် သက်ပြင်းချမိသည်။

“ဒါဖြင့် သူ့ရည်းစားဆိုတာ ဘယ်ကောင်လဲ”

“မသိ မသိသေးပါဘူးဆရာ”

“ဟူး”

မင်းထင် သက်ပြင်းချရန်သာ တတ်နိုင်သည်။ သူ့ခမျာ ဒေါသဖြင့်သာ လိုက်နေရတာ။ ဘယ်သွားရမှန်းလဲမသိ။ ဘယ်သူနှင့် သွားမှန်းလဲမသိ ဖြစ်နေရတာကိုး။

“ဒါ ဒါမှမဟုတ် ဆရာ၊ ကျွန်တော်တို့ လိုက်ပေးရမလား”

“မလိုက်နဲ့”

မင်းထင် ထပြီးအော်မိသည်။ တစ်ဖက်မှ အသံတိတ်သွားသည်။

ဘယ်ကဘယ်လို

အစလိုက်ရမှန်းလဲမသိ။

ဘယ်သူကို

ဘယ်လိုလိုက်ရမှန်းလဲမသိ။

မွန္တလေးဆိုတာ

ဘယ်ကဘယ်လို

သွားရမှန်းပင်မသိ။





www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘာသာငါရှာယူပြီး၊ ငါ့ဘာသာငါ စီရင်မယ်၊ မင်းတို့ လုံးဝဝင်မရှုပ်နဲ့၊ ဒါပဲ"

မင်းထင် ဖုန်းချလိုက်သည်။ ပြီးနောက် စိတ်ပျက်လက်ပျက် နှင့်ထိုင်နေသော ခုံပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ဘယ်က ဘယ်လို အစလိုက်ရမှန်းလဲမသိ။ ဘယ်သူ့ကို ဘယ် လိုလိုက်ရမှန်းလဲ မသိ။ မန္တလေးဆိုတာ ဘယ်ကဘယ်လို သွားရမှန်း ပင်မသိ။

"ဟူး"

စိတ်ပျက်လက်ပျက်နှင့် ခြေပစ်လက်ပစ်သာ ထိုင်နေမိတော့ သည်။

× × ×





ရဲမင်းတစ်ယောက် ကမ်းခြေတစ်လျှောက် လမ်းလျှောက် လာမိသည်။ သူလဲ ဘယ်ကဘယ်လို သွားရမှန်းမသိ။ ချောင်းသာကို ချိန်းပြီးမှ မန္တလေးရောက်သွားပြီဆိုတော့ သူစဉ်းစားရတာ ဉာဏ်မမီ တော့။

ညလဲ ရောက်နေပြီ။ ဒီအချိန်ကျမှ မန္တလေးကို ဘယ်ကားစီး ပြီး ဘယ်လိုသွားရမှန်းမသိ။ ထို့ကြောင့် စိတ်ပျက်လက်ပျက်နှင့်သာ ကမ်းခြေတလျှောက် လမ်းလျှောက်လာမိသည်။

ပင်လယ်ကြီးကြည့်တော့လဲ ပင်လယ်မပီသတော့။ မဲမှောင် နေပေပြီ။ ဘယ်အရာမှ မသဲကွဲတော့။ စိတ်ပျက်လက်ပျက်ဝေ့ကြည့် လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ပင်လယ်ကြီးကို ခြေစုန်ကန်ငေးနေသော သူ၏မိတ်ဆွေကြီး ကိုထင်ကြီး။ ကိုထင်ကြီးကိုမြင်တော့ ရဲမင်းဝမ်းသာသွားသည်။

"ကို ကိုထင်ကြီး"

ရဲမင်းကိုမြင်တော့ ထင်ကြီးလဲ ဝမ်းသာသွားသည်။

"ဟာ ငရဲ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ဝမ်းသာအားရ နှုတ်ဆက်မိကြသည်။ မင်းထင်က ရဲမင်းကိုကြည့်ပြီး

"ဟေ့ကောင် မင်းဘယ်လိုဖြစ်တာလဲ၊ အလုပ်ရှိတယ်ဆို"

ရဲမင်းက ကျွတ်ခနဲ စုတ်သပ်ပြီး

"မပြောချင်ပါဘူးဗျာ၊ အလုပ်က မန္တလေးဖက်ပြောင်းသွား လို့ဗျ"

ရဲမင်းစကားကြောင့် ထင်ကြီးဝမ်းသာသွားသည်။

"ဟာ ဟုတ်လား၊ ငါလဲ အခုပဲ မန္တလေးဖက် တက်မလို့၊ ဘယ်လိုသွားရမှန်း မသိတာနဲ့ စဉ်းစားနေတာ"

"ဟာ ကိုထင်ကြီးကလဲ ပင်လယ်ရောက်တုန်း အရသာမခံ စားတော့ဘူးလား"

မင်းထင်က ပြုံး၍ ရဲမင်းပခုံးကိုပုတ်ရင်း

"ဒီမှာ အရသာမခံတော့ပါဘူးကွာ၊ ဟိုမှာက ဒီမှာထက် အရသာ ရှိတဲ့ဟာရှိတယ်"

ရဲမင်းပြုံးလိုက်သည်။ ပြီးနောက် မင်းထင်ကို လက်ညှိုးထိုး ရင်း

"ကိုထင်ကြီး မရိုးဘူးမှတ်တယ်"

မင်းထင်ကလဲ ရဲမင်းပခုံးကိုဖက်ကာ

"ဟဲဟဲ မင်းမသိပါဘူးကွာ၊ ဒါနဲ့ မန္တလေးကို ဘယ်လိုသွား





ရမှာလဲ"

"ကျွန်တော်လမ်းသိပါတယ်ဗျ၊ အတူတူ သွားကြတာပေါ့၊ ကားကို တစ်ယောက်တစ်လှည့် မောင်းကြတာပေါ့"

"ဟ ဒါဆို ပိုအဆင်ပြေတာပေါ့၊ မန္တလေးကို စောရောက် တာပေါ့"

မင်းထင်စကားကို ရဲမင်းက

"သိပ်လဲမလောနဲ့ဗျာ၊ ခရီးသွားကောင်းအောင် တစ်ခွက် တစ်ဖလားတော့ ချရအောင်"

ရဲမင်းကိုကြည့်၍ မင်းထင်အားရသွားသည်။

"ဟားဟား အကောင်းဆုံးပေါ့ ငရဲရာ၊ ဒါမှ ခရီးသွားရတာ အရသာရှိမှာပေါ့၊ ကဲ လာ သွားရအောင်"

နှစ်ယောက်သား တစ်ယောက်ပခုံး တစ်ယောက်ဖက်၍ ဆိုင် ဖက်ဦးတည်သွားကြသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ၌ လောကကြီးသည် ကံကြမ္မာကို အားပြု၍ လူကို ကလူကျီစယ်တတ်ပါ၏။ ထိုအခါ ကျီစယ်ခံရသောသူများသည် လောကကြီးက ချပေးသော ကံကြမ္မာကို ထမ်းပိုး၍ မမြင်နိုင်သော လမ်းများကို ကိုယ်စွမ်းအားကိုးဖြင့် ရဲတင်းစွာ လျှောက်လှမ်းတတ်ကြ၏။

စိတ်ကူးက မွေးဖွားလာသော မသိမောဟများ မွေးမြူနေခြင်းကို မျှော်လင့်ချက်ဟုလဲ ထင်ကောင်းထင်လာကြသည်။

ပိုင်ဆိုင်ခြင်းခဏ၌ ဆုံးရှုံးခြင်း မည်မျှပေးဆပ်ရမည်ကို လူအများ မျက်ကွယ်ပြုမိကြလေသည်။

အမှန်တော့ အိပ်မက်ဆိုသည်မှာ တောက်ပလွန်းလျှင် ကြာ





ရှည်ခံရိုးထုံးစံမရှိပေ။ တောက်ပလွန်းသော အိပ်မက်မှ ‘ဆက်လုပ်’ ဟူသော စကားသံသာ အတည်ယူကြ၍ဖြစ်သည်။ ထိုအသံကို အနာဂတ်အတွက် အားအင်ဟု လူတွေက ထင်မြင်ကြသော်လည်း မကြာမီ မှုန်ဝါးသွားမည်ကို မေ့လျော့နေကြသည်။

ယခုလဲ ‘ဆက်လုပ်’ဟူသော စကားသံသာ နားထဲစွဲကျန်နေသူတို့ ပင်လယ်၏အစိမ်းရောင်ကို ချန်လှစ်၍ ခရီးတစ်ခုကို လှမ်းနေကြပြန်ပေလေပြီ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲ၌ပင် ကားလေး တရိပ်ရိပ်ပြေးနေသည်။

နှစ်ဦးလုံး ရီဝေဝေနှင့်မို့ အိပ်ချင်စိတ်မရှိသေး။ ကားကိုသာ ဂရုတစိုက်မောင်းနှင်နေကြသည်။

"ဒါနဲ့ ကိုထင်က မန္တလေးကို ဘာကြောင့်အလောတကြီး ပြန်ထွက်ရတာလဲ"

မင်းထင် ပြုံးပြီး

"ချိန်းထားတာ နည်းနည်းလွဲသွားလို့ပါကွာ၊ နောက်ပြီး ခရီးထွက်ရတာ ပျော်စရာကောင်းပါတယ်"

ရဲမင်းက ကားမီးထိုးရာ လိုက်ကြည့်ရင်း

"ဒါဖြင့် ဒီထက်ပျော်စရာရှာရင် မကောင်းဘူးလား"





မင်းထင်က မျက်လုံးပြူး၍ ရဲမင်းကိုပြန်ကြည့်သည်။

"ဘယ်မှာပျော်စရာရှိလို့လဲ"

ရဲမင်းက ပိုင်နိုင်စွာပြုံးပြီး

"ဟိုးမှာတွေ့လား၊ ကောင်မလေးနှစ်ယောက် ကားတားနေတာ"

"ဟာ"

ကြည့်လိုက်တော့ ဟုတ်ပါသည်။ လမ်းဘေး၌ ဝတ်ကောင်းစားလှနှင့် မိန်းမပျိုနှစ်ယောက် လူပြတ်သောနေရာတစ်ခုတွင် ကားတားနေခြင်းပင်။

"ဒါ ဒါတွေက"

ရဲမင်းက မင်းထင်ပခုံးကိုပုတ်ပြီး

"ကျွတ် အဲဒီနားသာ ကားရပ်လိုက်စမ်းပါ၊ ကိုထင်ပျော်ရပါစေ့မယ်"

မင်းထင်လဲ ရဲမင်းညွှန်ပြရာ ကောင်မလေးနှစ်ယောက်နားကားရပ်လိုက်သည်။

ရဲမင်းမှပင် ဦးဆောင်၍

"ဘယ်သွားမလို့လဲ"

ကောင်မလေးများကလဲ ပြုံးပြီး

"ဘယ်သွားရင် ကောင်းမလဲလို့"

ရဲမင်းက နောက်ခန်းကို ညွှန်ပြရင်း

"ဒါဖြင့် လိုက်ခဲ့လေ၊ ဘယ်သွားရမလဲ ကိုယ်သိတယ်၊ ဟဲဟဲ"

"ဒါဖြင့် ပြီးရော"

ကောင်မလေးများ ကားအနောက်ခန်းသို့ ခုန်တက်လာ၏။ ထိုအရာကိုမြင်တော့ မင်းထင်မျက်လုံးပြူးသွားပြီး

"ဟော့ကောင် ဖြစ် ဖြစ်ပါ့မလား၊ တော်ကြာ အမှုတွေဖြစ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းက ကျွတ်ခနဲ စုတ်သပ်ပြီး

"ကျွန်တော်ပိုင်ပါတယ် ကိုထင်ရာ၊ ဒီလမ်းတွေမှာ ကျွန်တော်လုပ်နေကျပါ။ အနီးဆုံးတည်းခိုခန်းသာ သွားစမ်းပါ"

"အေး အေး ပိုင်တယ်ဆိုလဲ ပြီးရော ဂလု"

ကားလေးက အရှိန်မှန်မှန် ပြန်လည်မောင်းထွက်သွားသည်။

ကားထဲမှာတော့ ပျော်ရွှင်စရာ ခရီးသွားသီချင်းက ပျံ့လွင့်လို့။

ဤနည်းအားဖြင့်. . ။

× × ×



BURMESE CLASSIC .com



သိပ်မသပ်ရပ်သော်လည်း အတော်အသင့် သန့်ပြန့်သော တည်းခိုခန်းတစ်ခုရောက်သည်။

"လာလေ စားရင်းသောက်ရင်းပေါ့"

မဒီလေးတွေက ဆင်းလာ၏။ ရဲမင်းက ဆရာကြီးအထာနှင့် မင်းထင်နားကပ်ပြီး

"ကဲ ကိုထင်ကြီး စိတ်ကြိုက်တစ်ယောက်ရွေး"

မင်းထင်က ကတုန်ကယင်ဖြင့်

"ရပါတယ် ညီလေးအရင်ရွေးပါ"

နှစ်ယောက်သား အပေးအယူမျှနေ၏။ ဒါကို ထင်ကြီးကပဲ

"ညီအရင်ရွေး၊ အဲ မင်းနဲ့ကိုယ်နဲ့က ဒီလိုခေါ်နေပြောနေရ



www.burmeseclassic.com

www.burmeseclassic.com



တာ ယောက်နေတယ်ကွာ”

“ဒီတော့”

“ရင်းရင်းနှီးနှီးဖြစ်သွားအောင် ယောက်ဖလို့ခေါ်မယ်”

မင်းထင်စကားကို ရဲမင်းလဲ သဘောကျသွားပြီး

“ဟာ ကောင်းတာပေါ့အစ်ကိုရာ၊ ကျွန်တော်လဲ အစ်ကို့ကို ယောက်ဖလို့ပြန်ခေါ်မယ်၊ ရင်းရင်းနှီးနှီးပေါ့”

“ဒါပေါ့ကွ၊ ဒါမှ ရင်းနှီးမှာပေါ့၊ နော် ယောက်ဖ”

“ကဲ ယောက်ဖက တစ်ယောက်ရွေး”

“ဒါဖြင့် အဖြူနဲ့တစ်ယောက်”

ရဲမင်းက ပြုံးပြီး

“သိတယ်၊ ကိုယ့်ယောက်ဖ အကောင်းကြိုက်မှန်း”

“ဟီးဟီး ဒါဖြင့် သွား သွားမယ်လေ”

ဆိုကာ လှည့်အထွက်။ ရဲမင်းက မင်းထင်လက်ကိုဆွဲပြီး

“နေဦး”

မင်းထင်က မျက်လုံးပြူးပြီး ပြန်ကြည့်သည်။

“ဘာ ဘာလဲဟင်”

ရဲမင်းက ပြုံး၍ မင်းထင်နားကပ်ပြီး

“ဒါယူသွားဦး”

အထုပ်တစ်ထုပ် ကပ်ပေး၏။ မင်းထင်က မျက်မှောင်ကြုတ်၍

“ဘာအထုပ်လဲကွ”

“အဖော်လေ”

“ဘာအဖော်လဲ၊ အဖော်က ရှိပြီပဲ”

“ကျွတ် ယောက်ဖက ဝေးလိုက်တာ၊ အကာအကွယ်လေဗျာ၊ အကာအကွယ်”





“ဟင် ဒီလိုလား”

“အားဆေးရော ယူဦးမလား”

မင်းထင် မျက်လုံးပြူးသွားသည်။

“ဟ မင်းဟာက ရေမီးအပြည့်အစုံပါလား”

ရဲမင်းက ပြုံးရင်း

“ခရီးသွားရင် အမြဲဆောင်ထားရတယ်ဗျ၊ လိုချင်တဲ့အချိန် သုံးရအောင်”

မင်းထင် အားကျသွားသည်။

“တောက် ဟုတ်ပါ့ကွာ၊ ယောကျ်ားဆိုတာ ဒါမျိုးကို ဖြစ်နေရမှာ၊ ယောက်ဖ မင်းကိုတော့ လေးစားသွားပြီကွာ၊ သိပ်တော်တဲ့ကောင်၊ ကဲ သွားပြီ”

လက်ဖဝါးရိုက်သံ။ ဖောင်းခနဲ။ နောက်တော့လဲ လက်ဖဝါး ရိုက်သံမျိုးပေါ့လေ။

ရဲမင်းက မင်းထင်ကိုကြည့်ရင်း သဘောကျသွား၏။

ဤသို့ဖြင့် . .

× × ×



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလကို မည်သို့သတ်မှတ်ကြသည်ကိုတော့မသိ။ တစ်ယောက်နှင့်တစ်ယောက် နေရာအမျိုးအစားကိုလိုက်၍ အချိန်ကာလကွာခြားကြပေလိမ့်မည်။

ဆိုကြပါစို့။

သင်သာ လက်ဝှေ့ကြိုးဝိုင်းထဲ၌ လက်ဝှေ့သမားတစ်ယောက်နှင့် သုံးမိနစ်နေရမည်ဆိုပါစို့။ ထိုသုံးမိနစ်မှာပင် ချစ်သူနှင့် နေရမည်ဆိုလျှင်ရော။ မည်သည့်အချိန်က သင့်အား ဖိစီးမှု ဖြစ်စေမည်နည်း။

ချစ်သူနှင့်နေချိန် သုံးမိနစ်မှာ ခဏတာဟု ထင်ရပေလိမ့်မည်။ သို့သော် လက်ဝှေ့ကြိုးဝိုင်းအတွင်း အလဲလဲအကွဲကွဲနှင့် အထိုးခံနေရသော သင်၏ သုံးမိနစ်မှာ သုံးကမ္ဘာမျှ ကြာသယောင်လဲ ဖြစ်နေ



BURMESE CLASSIC .com



ပေလိမ့်မည်။

ဤသို့ပင် လူအများသည် အချိန်ကို အရေးကြီးကြောင်း တဖွဖွဆိုတတ်ကြသော်လည်း မည်သည့်အချိန်က မြန်ပြီး မည်သည့်အချိန်က ကြန့်ကြာတတ်ကြောင်းကိုမူ မေ့လျော့နေတတ်ကြ၏။

ယခု အချိန်ကို အကျိုးရှိစွာ အသုံးချတတ်သော လူအများရှိပြီဆိုပါစို့။

ကြာမြင့်ချိန်တူသော်ငြား၊ နိဗ္ဗာန်နှင့်ငရဲ ကွာခြားသူများကတော့

× × ×



www.burmeseclassic.com

www.burmeseclassic.com



မင်းထင် ပေါ့ပါးလန်းဆန်းစွာ ပြန်ထွက်လာသည်။ သူအပြင်ရောက်ပြီးအတော်ကြာသည်အထိ ရဲမင်းက အခန်းထဲမှ ထွက်မလာသေး။

မင်းထင် မဲမှောင်နေသော ပတ်ဝန်းကျင်ကိုကြည့်ပြီး အသက်ကို ခပ်ပြင်းပြင်းရှူလိုက်သည်။

ပြီးနောက် ဖွဲကောင်းလွန်းသော ရဲမင်းအခန်းကို ပြန်ငေ့ကြည့်မိပြီး ပြုံးလိုက်သည်။ စိတ်ထဲတွင်လဲ

"အတော်အလိုက်သိပြီး ပျော်တတ်တဲ့ကောင်ပဲ"

တွေးရင်း ကြည်ပင်ကြည်နူးမိသေး၏။ 'တပည့်ထဲတွင် ဒီလိုကောင်မျိုးတစ်ယောက်ရှိရင် ကောင်းမှာပဲ'ဟုပင် တွေးမိသေး၏။





နောက်တစ်မျိုးအနေဖြင့်

"တောက် ငါ့ညီမတော့ ဒီလိုကောင်မျိုးနဲ့ညားရင်တော့ သေပြီ"

ရင်ထဲထိတ်ခနဲပင် ဖြစ်သွားသေး၏။ နောက်မှ သက်ပြင်းချရင်း

"ဒီလိုကောင်မျိုးဖြစ်ရင်တောင် ဒီကောင်တော့ မဟုတ်တာသေချာတယ်"

ဟုတွေးမိရင်း စိတ်လျှော့နေရ၏။ သူ့အတွေးမဆုံးပါ။ ချွေးသံတရွှဲရွှဲနှင့်ရဲမင်း အခန်းထဲမှ ထွက်လာ၏။ မင်းထင်ကို မြင်သည်နှင့်

"ဟ ယောက်ဖ စောလှချည်လား၊ ဘယ်လိုဖြစ်တာလဲ"

မင်းထင်ကလဲ ပြုံးပြီး

"ဒီလိုပေါ့ကွာ၊ အသက်တွေရလာတော့၊ ကဲ ဘယ့်နှယ်လဲ ခရီးဆက်ထွက်မလား"

ရဲမင်းက အနောက်ပြန်ငေ့ကြည့်ရင်း

"ရတယ်လေ၊ သွားချင်သွားလို့ ရပါတယ်"

"ဟင် သူတို့ကရော"

"ရပါတယ်၊ ကျွန်တော်ရှင်းပြီးသားပါ ဟဲဟဲ"

မင်းထင် ရဲမင်း၏အကွက်စေ့စွာ ပြုလုပ်နိုင်မှုကို သဘောကျသွား၏။

"ကဲ ဒါဖြင့် Lets go"

နှစ်ယောက်သား ကားပေါ်ပြန်တက်လိုက်ကြသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကားလေး တရိပ်ရိပ်ပြေးနေသည်။ ကားပေါ်မှာ လူနှစ်ယောက်က မငိုက်မမြည်းဘဲ ခရီးနှင်နေကြတုန်း။

“တီတီတီ”

တယ်လီဖုန်းမြည်သံ။ မင်းထင်ဆီမှဖြစ်သည်။

ကြည့်လိုက်တော့ တပည့်ကျော် လက်မောင်းချက်ဖောင်း။ မင်းထင် ခလုတ်ကိုနှိပ်လိုက်သည်။

“ဟဲလို”

တစ်ဖက်အသံမှ

“ပစ်မှတ်တွေ့ပြီဆရာ”

မင်းထင် စိတ်လှုပ်ရှားစွာ ကားကိုအရှိန်လျှော့လိုက်သည်။





“အေး ဘယ်မှာတွေ့လဲ ပြောစမ်း”

ရဲမင်းက တစ်ဖက်အသံ မကြားရဘဲ မင်းထင်အသံပဲ ကြားနေရ၍ ဘာမှမသိ။

“မန္တလေးကိုဝင်လာပြီဆရာ၊ ဘယ်သွားမလဲတော့ မသိသေးဘူး”

“ဘယ်သူပါသေးလဲ”

“တစ်ယောက်တည်းပဲဆရာ၊ သေချာတာကတော့ ဒီကမှ တစ်ယောက်ယောက်ကို သွားတွေ့မှာပဲ”

“အေး မျက်ခြည်မပြတ်စေနဲ့၊ လိုက်ကြည့်ထား”

ဖုန်းကိုချလိုက်သည်။ ရဲမင်းက သူ့ကို စူးစမ်းကြည့်နေမှန်းသိ၍ မသိအောင်ပြုံးပြီး

“အလုပ်ကိစ္စပါ၊ မန္တလေးပြန်ရောက်နေပြီဆိုလို့”

ရဲမင်းက ဘာမှမမေး၊ ပြုံး၍ နားထောင်၏။

“တီတီတီ တီတီတီ”

ဖုန်းထပ်မြည်သံ။ ဒီတစ်ခါ ရဲမင်းဆီမှဖြစ်သည်။ ကြည့်လိုက်တော့ ပန်းပွင့်ဆီမှဖုန်း။

ရဲမင်း နှုတ်ခမ်းပေါ်လက်တင်ရင်း

“ရှူး ချစ်သူဆီကဖုန်း၊ အဟိ”

ဆိုကာ ဖုန်းကိုင်လိုက်သည်။ မင်းထင်က ကားကိုအရှိန်လျှော့ပေး၏။

“ဟဲလို အချစ်ပြော”

ရဲမင်းက လူအထင်ကြီးစေရန် ခပ်တည်တည်ပြော၏။

“ကိုရဲလား ပန်းပွင့်ပါ”

ရဲမင်းက အထာနှင့်ပြုံးပြီး

“သိပါတယ်အချစ်ရယ်၊ ကဲ ပြော၊ ဘာကိစ္စလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ပန်းပွင့် မန္တလေးရောက်နေပြီ"

"အဲဒီတော့"

"မန္တလေးက အောင်စိုးရဲ့ချစ်သူ မေဂျွန်တို့အိမ်မှာ ရှိလိမ့်မယ်၊ မေဂျွန်တို့အိမ် သိတယ်မဟုတ်လား"

"သိတယ်၊ သိတယ်၊ ကိုလာခဲ့မယ်"

တစ်ဖက်မှ အသံတိတ်သွားသည်။

"အခု ဘယ်ရောက်နေလဲ"

"အခု ကိုယ်လဲ မန္တလေးလာနေတယ်လေ၊ လမ်းမှာ"

ပန်းပွင့်အသံတိတ်သွားပြန်သည်။ ပြီးမှ

"လမ်းမှာ ဟိုဝင်ဒီဝင် မလုပ်နဲ့နော်"

ပန်းပွင့်စကားကို ရဲမင်းက ပြုံးပြီး

"အချစ်ရယ် ကိုယ့်အကြောင်းလဲ သိရဲ့သားနဲ့၊ ကိုယ်က အချစ်တစ်ယောက်ကလွဲပြီး ဘာမှစိတ်ဝင်စားတာမှ မဟုတ်တာ၊ စိတ်ချ အချစ်ဆီ ကိုယ်တန်းလာခဲ့မယ်"

မင်းထင် ရဲမင်းကိုငေးကြည့်သည်။ ရဲမင်းက မျက်စိကိုတိန်ခနဲနေအောင် မှိတ်ပြ၏။

မင်းထင်က ရဲမင်းကိုကြည့်ပြီး

"ဩော် ဒီကောင် လူပျော်လူဆိုးလို့သာ ထင်နေတာ၊ လူလိမ်လဲ ဖြစ်နေတာကိုး"ဟု စိတ်ထဲကြိတ်၍ မှတ်ထားလိုက်သည်။ ဟုတ်သည်လေ။ ခုနကပဲ သူနှင့်အတူ မဟုတ်တာလုပ်ခဲ့ပြီးပြီပဲ။ ဒါကို ဟိုက မမြင်ရ၍ ပြောင်လိမ်နေသည်ပဲ။

"အမြန်လာခဲ့နော်၊ အစ်ကိုသိသွားလို့မဖြစ်ဘူး"

"စိတ်ချပါ၊ အမြန်ဆုံးလာပြီး အချစ်နဲ့ကိုယ် သားသမီးတစ်ဒါဇင်လောက် မွေးမယ်နော်၊ ဒါပဲ"

ရဲမင်း၏အပြောကြောင့် မင်းထင် အားတွေ့ရသွား၏။





"ယောက်ဖကတော့ ပိုင်တယ်ကွာ၊ ဘာတဲ့ အချစ်နဲ့ကိုယ် သားသမီးတစ်ဒါဇင်လောက်မွေးမယ်၊ ဟုတ်လား"

ရဲမင်းက ဆရာကြီးအထာနှင့် ပြုံးရင်း

"အဲဒါပဲ ယောက်ဖရေ၊ မိန်းမတွေဆိုတာ လိမ်ပေးမှ တန်ကာကျတာ"

မင်းထင်ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

"ငါ့ညီမသာ ဒီလိုကောင်မျိုးနဲ့တွေ့ရင်"ဆိုသောအတွေးမျိုး ခေါင်းထဲဝင်လာ၍ဖြစ်သည်။

ရဲမင်းစကားက မဆုံးသေး။

"ကျွန်တော်ဆိုအေးဆေးပဲ၊ သူ့ရှေ့မှာဆို မခုတ်တတ်တဲ့ကြောင်လိုနေတယ်၊ အဲ သူမမြင်တာနဲ့ ကမြင်းသည်၊ ဒါပဲ၊ သူမှ လိုက်မကြည့်နိုင်တာ ယောက်ဖရာ မဟုတ်ဘူးလား"

ရဲမင်း၏ ယောက်ဖခေါ်သံက မင်းထင်အတွက် ဖင်ကြိမ်းသလိုဖြစ်လာ၏။ ဒီလိုကောင်မျိုးနဲ့ ငါ့ညီမဆိုသွားပြီဆိုသော အတွေးက ဖျောက်မရ။ ထို့ကြောင့်

"သွားရင်းလာရင်း ရေဆာသလိုပဲကွာ၊ ရေဘူးဝယ်ရအောင်"

ရဲမင်းက ဘေးဘီငေးကြည့်ရင်း

"ဒါဖြင့် ဟောဟိုဆိုင်လေးမှာ ခဏရပ်လိုက်၊ ရေသန့်ဆင်းဝယ်လိုက်ကြရအောင်"

ရဲမင်းညွှန်ပြရာ မင်းထင်ကားရပ်လိုက်သည်။ ဒါကို ရဲမင်းက ကားပေါ်မှ မဆင်းသေးဘဲ ငေးကြည့်ရင်း

"အဲ ဒီဆိုင်မဟုတ်ဘူး၊ ဟိုအရှေ့ကဆိုင်"

မင်းထင် မျက်မှောင်ကြုတ်သွား၏။

"ယောက်ဖကလဲ ရေဝယ်တာ ဘယ်ဆိုင်ဝယ်ဝယ် မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းက ပြုံးပြီး

"ပြောတဲ့ဆိုင်သွားပါ တကတည်း"

ရဲမင်းညွှန်ပြရာ မင်းထက် ကားဘီးရွှေ့ရ၏။

"လာ ယောက်ဖ ရေဘူးဆင်းဝယ်ရအောင်"

နှစ်ယောက်သား ဈေးဆိုင်လေးဆီ လှမ်းသွားလိုက်ကြသည်။

× × ×





ဈေးဆိုင်ကလေးက ခနော်နီခနော်နဲ့နှင့် အဖြစ်သာ ရောင်းသည့်ဆိုင်မှန်း သိရသည်။

"ယောက်ဖရာ ခုနကဆိုင်ကတောင် စုံသေး"

မင်းထက်စကားကို ရဲမင်းက

"ဒီကသာဝယ်စမ်းပါ"

ကြိုးတန်းပေါ် မုန့်ကလေး လေးငါးထုပ်နှင့် မအေးသော ရေသန့်ဘူးလေးငါးလုံး ထောင်ထားသည်။ အရှေ့တွင်ချထားသော ရေခဲပုံးတွင်တော့ ဘာရှိမှန်းမသိ၊ ရဲမင်းက လိုက်ဖွင့်ကြည့်နေသည်။

"ရေသန့်နှစ်ဘူးလောက်"

မင်းထင်က မှာသည်။ ရဲမင်းက သူ့ဘာသာသူ ရေခဲပုံးလှပ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ဘာလုပ်နေသည်မသိ။

"တစ်ဘူး ငါးရာပါ"

"ဟင်"

မင်းထင် အံ့အားသင့်သွားသည်။ နောက်မှ

"ဟ ရေသန့်တစ်ဘူးငါးရာတောင်၊ ဟိုတယ်မှာတောင် ဒီဈေး မရှိဘူး"

ဈေးသည်ကလဲ ခပ်မာမာပင်

"ဟိုတယ်မှာ ဒီဈေးမရှိပေမယ့် ဒီမှာတော့ ဒီဈေးပဲ တစ်ဘူး ငါးရာ"

ဈေးသည်စကားကြောင့် မင်းထင်တင်းသွားသည်။

"ဟ ဘာစကားပြောတာလဲ၊ ရေဘူးကို တစ်နေ့တည်း မြန်မာပြည်အနှံ့ဝယ်သောက်လာတာ အားလုံး နှစ်ရာသုံးရာချည်းပဲ၊ လွန်ရော ကျွန်ရော လေးရာပေါ့ဗျာ"

ဈေးသည်ကလဲ မလျှော့။

"တစ်ပြည်လုံး လေးရာဆိုပေမယ့်၊ ဒီမှာ ငါးရာပဲ ဝယ်ရင် ဝယ်၊ မဝယ်နိုင်ရင်သွား"

ဈေးသည်စကားကြောင့် မင်းထင်တင်းသွားသည်။

"ခင်ဗျား ဘာစကားပြောတာလဲ မဝယ်နိုင်လို့ မဟုတ်ဘူး၊ ခင်ဗျားတို့ကျောလွန်းလို့"

သူ့စကားကို တစ်ဖက်မှာ စိတ်ဝင်စားနေသော ရဲမင်းမှ

"ဟာ ယောက်ဖကလဲ သူငါးရာဆိုလဲ ငါးရာပေးလိုက်ပေါ့၊ ဘာဖြစ်လို့လဲ"

ဈေးသည်ဖက်ပါ ရဲမင်းပါနေ၍ မင်းထင်မျက်လုံးပြူးသွားသည်။ ထို့ကြောင့်

"ဟ ယောက်ဖကလဲ၊ မတန်မရာမို့ ပြောနေတာပေါ့ကွ၊ မင်း





စဉ်းစားကြည့်ပါဦး၊ ရေတစ်ဘူးငါးရာတဲ့၊ ဒါ အာရပ်ကမ္ဘာမှ မဟုတ်တာ"

သူ့စကားကို ရဲမင်းက ပြုံးပြီး

"စိတ်လျှော့လိုက်ပါ ယောက်ဖရာ၊ သူငါးရာဆိုလဲ ငါးရာပေးလိုက်ပါ၊ တန်ပါတယ်"

"တောက်"

မင်းထင် ဘာမှမတတ်နိုင်တော့။ ရေသန့်နှစ်ဘူးယူ၍ တစ်ထောင်တန်တစ်ရွက် ချပေးလိုက်သည်။

"ရော့ တစ်ထောင်၊ နောက် ဒီလမ်းသွားရင် ဒီဆိုင်ဘယ်တော့မှ မဝင်ဘူး"

"မဝင်လဲနေပေါ့တော်၊ ပျော်တောင်ပျော်သေး"

"ဘာ ခင်ဗျားဘာပြောတယ်"

"သြော် ယောက်ဖရယ်၊ စိတ်လျှော့ပါ၊ တန်ပါတယ်ဆို"

ရဲမင်းက မင်းထင်ကို ကားဆီသို့ပြန်တွန်းလာ၏။ နောက် ကားပေါ်တွန်းတင်ပြီး



ဪ သူ့ခမျာ
ဒီကောင့်ကို
လူပျော်၊ လူဆိုး
လူလိမ်၊ လူကောက်သာ
ထင်တာ
သူ့ခိုးလဲ
ဖြစ်နေသေးတာကိုး



www.burmeseclassic.com

www.burmeseclassic.com



“ကဲ ကဲ သွားရအောင်၊ တန်ပါတယ်ဆို”

မင်းထင်လဲ မတတ်သာသည့်အဆုံး ကားကိုမောင်းရသည်။

“တောက်”

စိတ်ထဲမှာလဲ မကျေနပ်။ လူကလဲ လူမိုက်သွေးအပြည့်မို့ ဈေးဆိုင်က သူ့ကို ကျောလိုက်သည်ဟုပင် အောက်မေ့မိ၏။ ထို့ကြောင့် လိပ်ခဲတင်းတင်းဖြင့်

“တောက် ယောက်ဖရာ၊ ဒီလောက် မတန်မရာပေးရတာကို မှကွာ မင်းကတန်တယ်ဆိုတော့”

မင်းထင်စကားကို ရဲမင်းက

“ဩော် တန်ပါတယ်ဆိုမှ ဒီမှာကြည့်”

ဆိုကာ အိတ်ထဲမှ နှိုက်ထုတ်လိုက်တော့

စနိုးတာဝါ အထုပ်ကြီးနှစ်ထုပ်။ ထိုအရာကိုမြင်တော့ မင်းထင်က

“ဟင် ဒါ ဒါတွေက”

“ခိုးလာတာလေ”

“ဟင်”

ရဲမင်းစကားကြောင့် မင်းထင် ပါးစပ်ပင် ဟ,သွား၏။ ဒါကို ရဲမင်းက သွားဖြဲပြီး

“ရေသန့်က တစ်ထောင်ပဲကျတာ၊ စနိုးတာဝါက ငါးခုနှစ်ထုပ် ဆိုတော့ အနည်းဆုံးနှစ်ထောင်လောက် ကျတယ်မဟုတ်ဘူးလား ယောက်ဖ”

“ဟင်”

သွားဖြဲနေသော ရဲမင်းကို မင်းထင် ကြောင်ပြီးပြန်ကြည့်သည်။ အံ့အားသင့်လွန်း၍ စကားပင် မပြောနိုင်။

“ဩော် သူ့ခမျာ ဒီကောင့်ကို လူပျော်၊ လူဆိုး၊ လူလိမ်၊ လူ





ကောက်သာ ထင်တာ သူခိုးလဲ ဖြစ်နေသေးတာကိုး”

ရဲမင်းက ဟီလာတိုက်ရင်း စနိုးတာဝါဖြဲ၍ သူ့ကို တစ်ခုပေး၏။

“ရော့”

သူလဲ ယောင်ပြီးယူမိသည်။ ရဲမင်းက စနိုးတာဝါကို မျက်နှာပေါ် အရသာခံပွတ်ပြီး

“ယောက်ဖ”

“ဟေ”

မင်းထက် ယောင်ပြီးပြန်ထူး၏။ ရဲမင်းက ဆက်၍

“ဒီအချိန်ကြီး မန္တလေးဝင်သွားလဲ သိပ်ထူးမယ်မထင်ဘူး”

မှန်ပေသည်။ မနက်မှ မလင်းသေးတာ။ ဘယ်မှလဲ သွားစရာ ရှိမည်မဟုတ်။

“ဒီတော့”

“ဒီနားမှာ မိုးအလင်းဖွင့်တဲ့ဆိုင်တွေရှိတယ်၊ ဝင်ကစ်လိုက်ကြရအောင်”

“ဟင်”

“ဟီးဟီး”

သက်တမ်းတစ်လျှောက် ဤမျှလောက် အထုပ်ကျသူကို မတွေ့ဘူး၍ အံ့အားသင့်နေမိလေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုက ရှိနေဆဲ။

မီးရောင်မမှိန်တမှိန် ဆိုင်လေးထဲ လူစည်ကားနေသည်။

အဝေးပြေးခရီးသည်များ ကုန်တင်ကားများ နားခိုရာမို့ ညနက်သော်လည်း လူကားမပြတ်သေး။

အရှေ့မှာ အနီရောင်အရည်က ထက်ဝက်မျှ ကျိုးနေပေပြီ။

နှစ်ယောက်လုံးက ခေါင်းစိုက်လုလု။ အပြင်ကိုကြည့်တော့လဲ အလင်းရောင်မလာသေး။ ထို့ကြောင့် နှစ်ယောက်သား အေးအေးလူလူ ထိုင်နေကြခြင်းဖြစ်၏။

"ယောက်ဖ"

ရဲမင်းခေါ်သံကြောင့် မင်းထင်ခေါင်းထောင်ကြည့်သည်။

မိုး : မိုး : ၈ ၇ ၆ ပ



"အမှန်အတိုင်း ပြောလို့ရမလား"

မင်းထင်က ရဲမင်းကိုစိုက်ကြည့်သည်။

"ယောက်ဖအလုပ်က ဘာလဲ"

မင်းထင် မော့ခါနီးခွက်ကို မမော့ဘဲ ငြိမ်သွားသည်။ ပြောသင့်မပြောသင့် ချင့်ချိန်နေဟန်တူ၏။ နောက်မှ ဆုံးဖြတ်လိုက်ဟန်နှင့် ဖန်ခွက်ကိုပြန်ချလိုက်သည်။

"အမှန်ပြောရင်ရော ယုံမှာလား"

ရဲမင်းခန္ဓာကိုယ် ယိုင်တိုင်တိုင်နှင့် မင်းထင်ကို ရီဝေဝေပြန်ကြည့်သည်။

"ယောက်ဖ အမှန်အတိုင်းပြောရင် ယုံမှာပေါ့"

မင်းထင်ပြုံးလိုက်သည်။ နောက် ခုနကမသောက်ဖြစ်သော ဖန်ခွက်ကို တရှိန်ထိုးမော့ချလိုက်သည်။ ပြီးနောက် မျက်နှာကို ရှုံ့မဲ့ပြီး အရသာခံနေသေး၏။ ရဲမင်းက သူ့စကားကို နားစွင့်၏။

"ခေါင်းပုံဖြတ်တယ်၊ မိုက်ကြေးခွဲတယ်၊ ဒါ ကိုယ့်အလုပ်ပဲ"

ရဲမင်း ခေါင်းထောင်သွား၏။ မင်းထင်က သူ၏လွှတ်သွားသော ဖန်ခွက်ကိုပြန်ဖြည့်နေသည်။ ရဲမင်းက မင်းထင်ကို စိုက်ကြည့်နေသည်။ ပြီးမှ

"ဒါဖြင့် ယောက်ဖက လူမိုက်ပေါ့"

မင်းထင်က အရှေ့မှ ပန်းသီးတစ်စိတ်ကိုကိုက်ပြီး

"လူတွေက အဲဒီလိုပြောတာပဲ"

ရဲမင်းက မင်းထင်ကို စိုက်ကြည့်နေသည်။ နောက်မှ ဟက်ခနဲရယ်၍ မင်းထင်၏ပခုံးကိုပုတ်ကာ

"ယောက်ဖက ရယ်စရာသိပ်ပြောတာပဲ"

မင်းထင်က ရဲမင်းကို မျက်မှောင်ကြုတ်ပြန်ကြည့်ကာ

"ဘာလို့လဲ"

မိုး : မိုး : ၈ ၇ ပ

www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းရယ်ပါသည်။ ပြီးမှ

"ယောက်ဖပုံက လူမိုက်ပုံနဲ့မှ မတူတာ၊ ဟဲဟဲ"

ရဲမင်းစကားကြောင့် မင်းထင်တင်းသွားပုံရသည်။ ထို့ကြောင့် စားလက်စပန်းသီးတစ်ပိုင်းတစ်စကို ပစ်ချပြီး

"မယုံလို့လား"

ရဲမင်းက မှုံးနေလျက်နှင့် ရယ်ကြဲကြဲလုပ်ပြီး

"မယုံဘူး၊ ယုံစရာမှမဟုတ်တာ"

မင်းထင်က ခေါင်းတညိတ်ညိတ်နှင့် ရဲမင်းကို ကြည့်သည်။ ပြီးမှ

"ဒါဆိုလဲ ယုံအောင်ပြမယ်လေ"

ရဲမင်းက ဆက်လုပ်ဆိုသည့်သဘောနှင့် ပခုံးတွန့်ပြသည်။ ထိုအချိန်မှာပင် မင်းထင်က သောက်နေသောဖန်ခွက်ကို ခွမ်းခနဲပစ်ခွဲကာ

"ဟေ့ကောင်တွေ၊ မင်းတို့ ငါ့ကို အချဉ်မှတ်နေလား၊ ဘာလို့ အရက်အတုကြီး လာချတာလဲ"

ဆိုကာ အရက်ပုလင်းပါ ခွမ်းခနဲ ပစ်ခွဲလိုက်သည်။ ထိုတော့မှ ရဲမင်းမျက်လုံးပြူးပြီး

"ယောက်ဖ ယောက်ဖ"

တား၍မမီတော့။ မင်းထင်က ဘေးနားက ကြည့်နေသူတစ်ယောက်ကို

"ဟေ့ကောင် မင်းဘာကြည့်တာလဲ၊ ကဲကွာ"

ဆိုကာ ခွမ်းခနဲ ထိုးချလိုက်သည်။ ထိုတော့မှ တစ်ဆိုင်လုံး ကလဲ

"ဟာ ဒီကောင် ဘယ်ကကောင်လဲ၊ ဘာလူပါးဝတာလဲ"

"ဘယ်ကကောင်လဲ မလုပ်နဲ့၊ မိုက်တဲ့ကောင်လာခဲ့၊ ကြာတယ်၊





တစ်ဆိုင်လုံးလာခဲ့ကွာ"

"ယောက်ဖ ယောက်ဖ"

တား၍မမီတော့။

"ဒီလောက်လူပါးဝတဲ့ကောင် ချကွာ"

ချက်ချင်း တစ်ဆိုင်လုံး ဝုန်းဆန်သွားသည်။

ပုလင်းပျံများ ခုန်ပျံများ ဖန်ခွက်ပျံများ လွင့်ပျံလာလေသည်။ ကြည့်လိုက်တော့ မင်းထင်။ တစ်ဆိုင်လုံးနှင့်တစ်ယောက် ရုန်းကန်နေလေပြီ။

"ယောက်ဖ ယောက်ဖ"

ရဲမင်း၏အော်သံ။ မင်းထင်မကြားတော့။ အနားရောက်လာသူတစ်ယောက်ပြီးတစ်ယောက် ဖြိုခွင်းနေလေပြီ။ ရဲမင်း ဝင်လဲမဆွဲရဲ။ ဝင်လဲမပါရဲ ဖြစ်နေရလေသည်။ သူမှာ သာမန်ဂယောင်မျှသာဖြစ်၍

"ယောက်ဖ ယောက်ဖ"

သူ့အော်သံကြားတော့ နံဘေးနားကတစ်ယောက်က

"ဟေ့ ဒီကောင်လဲ ပါတယ်ကွ၊ ချ ချ"

မျက်လုံးပြူးပြီး လှည့်ကြည့်ရုံရှိသေး၏။

"ခွပ်"

"အား"

မေးရိုးကိုလာကျသော လက်သီးပြင်းပြင်း။

ချက်ချင်း ကြမ်းပြင်ပေါ် ခွေလဲသွားသည်။ မှုံဝါးဝါးအမြင်အာရုံထဲ တစ်ဆိုင်လုံးနှင့်တစ်ယောက်ချနေသော ယောက်ဖခေါ်သော မင်းထင်ပုံရိပ်ကို ခပ်ဝါးဝါးမြင်လိုက်ရသေး၏။

နောက်တော့

"ယောက်ဖ"



www.burmeseclassic.com

www.burmeseclassic.com



အသံတိုးတိုးသာထွက်ပြီး အမြင်အာရုံမှုံဝါးသွား၏။

နားထဲမှာတော့ ဖန်ခွက်ကွဲသံ ခုံကျိုးသံများ တဝုန်းဝုန်းကြားနေရဆဲ။

× × ×





ငြိမ်ငြိမ်နေပါ။ ငြိမ်ငြိမ်ကလေးနေပါ။ အိပ်မက်ဆိုတာ အန္တရာယ်မရှိဆုံးအတွေ့အကြုံတစ်ခု။

ကိုယ်က မတောင်းဆိုဘဲ မှတ်ဉာဏ်ထဲ ထင်သာမြင်သာ ရိုက်ခတ်နေသောအရာတစ်ခု။ ငြိမ်ငြိမ်နေပါ။

ကိုယ်က မဆေးချင်တဲ့ စားလက်စတွေတောင် မုန်တိုင်းနဲ့ ဆေးကြောတာမျိုး ဖြစ်နိုင်သလို၊ အရှေ့ကမီးပုံကြီး ကိုယ်ခုန်ချလိုက်မှ ငြိမ်းသတ်သွားတာမျိုး ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ငြိမ်ငြိမ်နေပါ။

မလှုပ်နိုးပါနဲ့။ မလှုပ်နိုးပါနဲ့။ အိပ်မက်ဆိုတာ ဘယ်တော့မှ မသေဆုံးနိုင်တဲ့ ဦးနှောက်ထဲက မှတ်ဉာဏ်တစ်မျိုး။

အပြင်မှာမရှိတဲ့ သာယာခြင်းမျိုး အပြင်မှာ မမြင်ရနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လှပခြင်းမျိုး အိပ်မက်ထဲမှာ ရှိနေနိုင်ပါတယ်။ ဒါကြောင့် လှုပ်မနိုးပါနဲ့။

နာကျင်မှုတွေရှိရင်တောင် သာယာခြင်းနဲ့ ဖြည့်စွက်ထားနိုင်သလို ကိုယ့်ရဲ့အမှားအတွက် သိကြားမင်းကျောက်ဖျာလဲ တင်းနိုင်ပါတယ်။ ဒါကြောင့် မလှုပ်နိုးပါနဲ့။

ဒါပေမယ့် အိပ်မက်ဆိုတာ ဘာမြို့ချမြို့ချ အရသာမရှိတဲ့ အမျိုး။

× × ×





တစ်စုံတစ်ယောက် လှုပ်နိုးမှုကြောင့် ဖျတ်ခနဲလန့်နိုးလာမိသည်။

"အားလားလား"

ခေါင်းတစ်ခုလုံး အုံခဲနေသည် ထင်ရလောက်အောင် တဆစ်ဆစ်ကိုက်နေ၏။

"အား ကျွတ် ကျွတ်"

အားယူပြီး ထကြည့်လိုက်တော့

"ဟာ ဘာလဲဟ"

မြင်လိုက်ရသည်။ ဘေးပတ်ပတ်လည် သံတိုင်များ။

"ဟာ"

ရဲမင်း လန့်ပြီး ထခုန်မိမတတ်ဖြစ်သွားသည်။ နံဘေးကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ဖ နိုးပြီလား"

ခပ်တည်တည်ထိုင်နေသော မင်းထင်။

"ဟင်"

ရဲမင်း ပို၍ အံ့အားသင့်သွားသည်။ နောက် သူ့ခေါင်းကိုသူ အုပ်ကိုင်ပြီး

"ဘာဖြစ် ဘာဖြစ်သွားတာလဲဟင်"

သူ့အမေးကို မင်းထင်က ပြုံးပြီး

"ဘာမှမဖြစ်ပါဘူး၊ ပါတီမှာ နည်းနည်းကမိတာပါ"

"ပါတီ"

မျက်လုံးထဲ မနေ့ညကမြင်ကွင်းများ ပြန်ဝင်လာ၏။

တစ်ဆိုင်လုံးနှင့်တစ်ယောက် ချနေသော မင်းထင်။

"ဟင်"

ရဲမင်းလန့်ပြီး မင်းထင်ကို ကတုန်ကယင်နှင့် လက်ညှိုးထိုးကာ

"ခင် ခင် ခင်ဗျား"

ထိုစဉ်မှာပင်

"ဒေါင် ဒေါင် ဒေါင်"

သံတိုင်က ခေါက်သောအသံ။

"မနေ့ညက လူဆိုးနှစ်ယောက် ထွက်လို့ရပြီ"

ရဲမင်းက မင်းထင်ကို ပြန်ကြည့်မိသည်။ မင်းထင်ကတော့ ခပ်တည်တည်ပင်။

သူ့အိမ်သူ့ယာ ပြန်ရောက်နေသည့်အလား အေးဆေးစွာ ထ၍ အပြင်ပြန်ထွက်လိုက်သည်။ ရဲမင်းက မင်းထက်နောက် ကုတ်ချောင်းချောင်းနှင့်. . .

× × ×





အပြင်မှာတော့ မင်းထင်၏တပည့်များ အများအပြား။

"အေး တစ်ဖက်သူအားလုံးကြေအေးပြီးပြီ၊ လျော်စရာအားလုံးလဲ လျော်ပြီးပြီဆိုတော့ မင်းတို့နှစ်ယောက်ကို အာမခံနဲ့ ပြန်လွှတ်လိုက်မယ်"

စခန်းမှူးအသံကိုသာ ရင်တထိတ်ထိတ်နှင့် နားစွင့်နေရသည်။

"နောင် ဒါမျိုးမဖြစ်စေနဲ့ပေါ့ကွာ၊ ဟုတ်ပြီလား"

"ဟုတ် ဟုတ်ကဲ့ စိတ်ချပါ"

ရဲမင်းက ကမန်းကတန်း ခေါင်းညိတ်သည်။ မင်းထင်က မကြားမကြားကြံဖူးသူလို ခပ်တည်တည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မင်းတို့လဲ ခရီးဆက်ရဦးမှာမို့ သွားကြတော့"

"ကျေး ကျေးဇူးပါပဲခင်ဗျ၊ ကျေးဇူးပါ"

နှစ်ယောက်သား စခန်းအပြင် ထွက်လိုက်ကြသည်။

× × ×





အပြင်ရောက်တော့ ရဲမင်း၊ မင်းထင်နား သိပ်မကပ်ရဲတော့။ ညက အဖြစ်အပျက်တစ်စွန်းတစ်စက မျက်ဝါးထင်ထင် မြင်ခဲ့ရ၍ အလိုလိုကြောက်ပြီးရွံ့နေခြင်းဖြစ်သည်။ ထို့ကြောင့် မင်းထင်နှင့်လက်တစ်ကမ်းအကွာမှသာ ယောင်ပေယောင်ပေ လျှောက်နေရှာ၏။

အပြင်မှာကလဲ မင်းထင်၏တပည့်များက မနည်း။

"ယောက်ဖ"

"ခင်ဗျာ"

မင်းထင်၏ခေါ်သံကြောင့် ရဲမင်း လန့်ပြီးပြန်ထူးမိသည်။ ဒါကို မင်းထင်က ပြုံးပြီး

"ယောက်ဖကလဲ ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်က ပြုံးနေသလောက် ရဲမင်းခမျာ ကတုန်ကယင် ဖြစ်နေသည်။

"လာစမ်းပါ၊ ရင်းရင်းနှီးနှီးနေစမ်းပါ"

မင်းထင်က ရဲမင်းကို ပခုံးလှမ်းဖက်သည်။ ရဲမင်း ကတုန်ကယင်ဖြစ်နေတုန်း။ အတန်ကြာမှ

"ယောက်ဖ"

မင်းထင်က ရဲမင်းကိုဝေ့ကြည့်သည်။

"ယောက်ဖ ကိုယ့်ကို ကတိပေးပါလား"

မင်းထင်က မျက်မှောင်ကြုတ်ကာ

"ဘာကတိပေးရမှာလဲ"

ရဲမင်းက လက်ညှိုးကလေးထောင်ပြီး

"ယောက်ဖလက်နဲ့ ကျုပ် ဘယ်တော့မှ အနာတရ မဖြစ်စေရဘူးဆိုတဲ့ ကတိပါ"

"ဟားဟားဟား"

မင်းထင် ထရယ်သည်။ ရဲမင်းက အူကြောင်ကြောင်နှင့်

"ဘာ ဘာရယ်တာလဲဟင်"

ရဲမင်းအမေး။ မင်းထင်က ဆက်ရယ်ရင်း

"ဟားဟား ဘာများလဲလို့ ငါ့ယောက်ဖရယ်၊ ယောက်ဖနဲ့ ကိုယ်နဲ့က တကယ့်ညီအစ်ကိုအရင်းလို ဖြစ်နေပြီပဲ၊ စိတ်ချ၊ ကိုယ့်လက်နဲ့ ယောက်ဖ ဒီတစ်သက် အနာတရ လုံးဝမဖြစ်စေရဘူး၊ အဲဒါကို ယုံထား"

ထိုတော့မှ ရဲမင်း နည်းနည်းထူထူထောင်ထောင် ပြန်ဖြစ်သွားပြီး

"ကတိနော်"

"ကတိပါ"





"ဟို ဒါပေမယ့် သီပေါမင်းနဲ့ ရနောင်မောင်မောင်တုတ်လို ငါ့လက်နဲ့ မသေစေရဘူး ကတိပေးပြီး၊ ကျန်တဲ့လူတွေ တပည့်တွေနဲ့လဲ မန္တာခိုင်းရဘူးနော်"

ရဲမင်းစကားကို မင်းထင်က ပြုံးပြီး

"ကတိပေးပါတယ်ကွာ၊ ငါတို့တွေက ကတိတစ်လုံးနဲ့ လူလုပ်တာပါ၊ ပေးထားတဲ့ကတိကို အသက်ထက် တန်ဖိုးထားပါတယ်"

ရဲမင်း ယခုမှ ပြုံးပြုံးပျော်ပျော် ပြန်ဖြစ်သွားသည်။

"ဒါနဲ့ယောက်ဖ ပြောရဦးမယ်"

"ဘာပြောမလဲ ပြော"

"ကျုပ်မှာ ကြောက်ရတဲ့လူမိုက်တစ်ယောက်ရှိတယ်"

"ဘယ်သူ"

ရဲမင်း မျက်မှောင်ကြုတ်ပြီး

"ဘယ်သူလဲတော့ မသိသေးဘူး၊ အဲ ဒါပေမယ့် ယောက်ဖ လက်ရည်နဲ့ဆို ဖြစ်ပါတယ်၊ ယောက်ဖ တစ်ချက်န္တာပေးစမ်း"

မင်းထင်က ပြုံးပြီး

"ဖုန်းသာဆက်လိုက်၊ အရေခွံပါဆုတ်ပေးမယ်"

"အေး ဒါမှ"

"တီတီတီ တီတီတီ"

ဖုန်းမြည်သံ။ ရဲမင်းထံမှဖြစ်သည်။ ကြည့်လိုက်တော့ ပန်းပွင့်ဖုန်း။ ထုံးစံအတိုင်း ရဲမင်း ရှူးခနဲလုပ်ပြီး

"အေး အချစ်ပြော"

တစ်ဖက်မှ အသံက

"ဘယ်ရောက်နေလဲ"

"မန္တလေးရောက်တော့မှာ"

"မနေ့ညကတည်းက ထွက်လာတာ၊ ဘာလို့မရောက်သေး



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"ကားဘီးပေါက်သွားလို့ပါ"

"ဟင် ဘယ်ကားနဲ့လာလို့လဲ"

"ယောက်ဖကားနဲ့လေ"

"ယောက်ဖ၊ ဘယ်ကယောက်ဖလဲ"

"ဪ လမ်းမှာဆုံခဲ့တဲ့ သူငယ်ချင်းတစ်ယောက်ပါ။ သိပ်ခင်ဖို့ကောင်းလို့ ယောက်ဖလို့ခေါ်တာ ဟီဟိ"

ရဲမင်းက မင်းထင်ပခုံးကိုဖက်၍ ပြုံး၍ပြောသည်။ ဒါကို ရဲမင်းက အထွန့်တက်၍

"အချစ် ယောက်ဖနဲ့ ပြောကြည့်ဦးမလား"

"အို ဘယ်သူမှန်းမသိဘဲ မပြောချင်ပါဘူး"

"အချစ်ကလဲ၊ ယောက်ဖက သိပ်သဘောကောင်းတာ၊ ပြောကြည့်ပါ။ ရော့ ယောက်ဖ ကိုယ့်ချစ်သူနဲ့ပြောကြည့်လိုက်"

ရဲမင်းက မင်းထင်ဆီ ဖုန်းအတင်းလှမ်းထိုးပေး၏။ ဒါကို မင်းထင်က



<u>နောက်တစ်ခေါက်ဆိုရင်</u>
<u>ဟောဒီယောက်ဖကို</u>
<u>ထိုဗိုမပြောနဲ့၊</u>
<u>လက်သီးနဲ့ထိုးထိရင်တောင်</u>
<u>အဲဒီလက်သီးကို</u>
<u>ငါကိုယ်တိုင်ဖြတ်မယ်၊</u>
<u>မှတ်ထား</u>





"မလုပ်ပါနဲ့ယောက်ဖရာ၊ ကိုယ့်ဘာသာကိုယ်ပြောပါ"

မင်းထင် ဖုန်းမယူ၍ ရဲမင်းက ပြန်ပြောရသည်။

"ဘာတွေလျှောက်လုပ်နေတာလဲ၊ အမြန်ဆုံးရောက်အောင်လာခဲ့၊ အစ်ကိုလိုက်လာရင် ဒုက္ခများကုန်မယ်"

ပန်းပွင့်စကားကို ရဲမင်းပြုံးလိုက်သည်။

"အဲဒီအတွက်လဲ မပူနဲ့အချစ်၊ အချစ်အစ်ကိုနဲ့ လက်ရည်တူကိုယ်တွေ့ထားပြီးပြီ စိတ်ချ"

တစ်ဖက်မှ အသံပြန်တိတ်သွား၏။ နောက်မှ

"ဘာတွေလျှောက်ပြောနေတာလဲ၊ အမြန်ရောက်အောင်သာလာခဲ့၊ မန္တလေးအောင်မြေသာဇံ မေဂျွန်တို့အိမ်မှာနေ့ဘ်၊ ဒါပဲ"

တစ်ဖက်မှ ဖုန်းချသွားသည်။ ရဲမင်းက ပြုံးပြီး

"ချစ်သူက နောက်ကျလို့ စိတ်ကောက်နေတာလေ၊ ဟဲဟဲ၊ ဒါပေမယ့် ဟောဒီလိုရိုးတဲ့မျက်နှာနဲ့"

မျက်နှာပါလုပ်ပြသည်။ အတော်ရိုးရှာပါသည်။

"အဲဒီမျက်နှာလေးနဲ့ဆို ချစ်သူပြန်ပျော့ကျသွားမှာ"

"ဟားဟားဟား"

ရဲမင်းအပြုအမူကို မင်းထင်သဘောကျသွား၍ အားရပါးရရယ်သည်။ ထိုစဉ်မှာပင်

"တီတီတီ တီတီတီ"

ဖုန်းထပ်မြည်သံ။ မင်းထင်ဆီမှဖြစ်သည်။

"ဟဲလို"

"မားငမိုးပါဆရာ"

"အေး ပြော ဘာထူးလဲ"

"ပစ်မှတ်ကို အနီးစပ်ဆုံး စုံစမ်းလို့ရပြီဆရာ"

"မျက်ခြည်မပြတ် ဆက်ကြည့်ထား၊ ဘယ်သူပါသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထူးဆန်းတယ်ဆရာ၊ သူတစ်ယောက်တည်းပဲ"

မင်းထင် ခဏရပ်သွားသည်။

"မယုံရဘူး ဆက်ကြည့်ထား၊ အနားမှာ ရှိကိုရှိမယ်"

"ဟုတ် ဆရာ"

ဖုန်းချသွားသည်။ မင်းထင်က ရဲမင်းဖက်ပြုံးရင်း

"အလုပ်ကိစ္စပါ နီးလာပြီ"

ရဲမင်းကလဲ မင်းထင်ကို ပြုံးကြည့်ပြီး

"ယောက်ဖက အလုပ်ကိစ္စကို အတော်အာရုံစိုက်တာပဲ လေးစားတယ်"

မင်းထင်က ပြုံးပြီး

"ကဲ ခရီးဆက်ရအောင်"

နှစ်ယောက်သား ပခုံးဖက်၍ အပြင်ထွက်လိုက်သည်။ အပြင်မှာမင်းထင်၏ အခြွေအရံကားများက မနည်းလှ။ တစ်ယောက်ပြေးလာပြီး

"ကားအဆင်သင့်ပါဆရာ၊ ဟင်"

သာကေတတွင် သောင်းကျန်းနေသော မောင်ဆန်း၊ ရဲမင်းကိုတွေ့၍ အံ့အားသင့်သွားသည်။ နောက် မျက်လုံးကြီးပြူးပြီး

"ဟင် ဒီ ဒီကောင်"

မင်းထင်က မောင်ဆန်းလက်ညှိုးညွှန်ပြရာ ရဲမင်းကိုပြန်ကြည့်သည်။ နောက်

"ဟေ့ကောင်"

"ခင်ဗျာ"

"မင်းက ငါ့ယောက်ဖကို လက်ညှိုးထိုးရဲတယ်ပေါ့လေ၊ ဟုတ်လား"

"ခင်ဗျာ ဟို ဟို"





မောင်ဆန်း၏ ကတုန်ကယင်စကား။

"တိတ်"

"ဟုတ်"

မင်းထင်က မောင်ဆန်းနားတိုး၍

"နောက်တစ်ခေါက်ဆိုရင် ဟောဒီယောက်ဖကို ထိဖို့မပြောနဲ့၊ လက်ညှိုးနဲ့ထိုးမိရင်တောင် အဲဒီလက်ညှိုးကို ငါကိုယ်တိုင်ဖြတ်မယ်၊ မှတ်ထား"

"ဟုတ် ဟုတ်ကဲ့ပါဆရာ"

မင်းထင်က ရဲမင်းပခုံးကိုဖက်၍

"လာ ယောက်ဖ၊ ခရီးဆက်မယ်"

ဆိုကာ ကားပေါ်တက်၍

"Lets go ယောက်ဖ"

"Lets go"

ကားကလေးက ဝူးခနဲ မောင်းထွက်သွားလေရာ မင်းထင်တပည့်ကျော်ချက်ဖောင်းလက်မောင်းမှာ ငိုမဲ့မဲ့နှင့် သူ့ခေါင်းကိုသူကုတ်ပြီး

"ဟင် ယောက်ဖသတ်မယ်၊ အူထုတ်မယ်ဆိုတဲ့သူက ယောက်ဖနဲ့ ဟာ သွားပါပြီ"

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကားလေးက မန္တလေးမြို့လည်တစ်နေရာတွင် ရပ်သည်။

နှစ်ယောက်သား ကားပေါ်မှဆင်း၍

"ကဲ လမ်းခွဲမယ် ယောက်ဖရေ"

"မကြာခင် ပြန်ဆုံကြတာပေါ့"

နှစ်ယောက်သား လက်ဆွဲ၍ တစ်ယောက်ပခုံးတစ်ယောက် ဖက်လိုက်ကြသည်။

"ဖုန်းနံပါတ်တွေ ပေးထားကြတာပဲ၊ တစ်ခုခုအရေးအကြောင်း ဆို ဖုန်းဆက်လိုက်ပေါ့"

မင်းထင်စကားကို ရဲမင်းက

"စိတ်ချယောက်ဖရေ၊ ကိစ္စတွေပြီးသွားရင်လဲ ဖုန်းဆက်ပါ့မယ်"

"ဖုန်းဆက်လိုက်ပါ ယောက်ဖရေ၊ ချက်ချင်းရောက်လာခဲ့မယ်"

"ကဲ ဒါဆိုသွားပြီ ယောက်ဖရေ"

"သတိရနေဦးတော့မှာပါကွာ"

နှစ်ယောက်သား လမ်းမခွဲချင်ခွဲချင်ပုံမျိုးနှင့် လမ်းခွဲကြသည်။

"သွားဦးမယ် ယောက်ဖရေ၊ ချစ်သူကို ဟောဒီလို မျက်နှာလေးနဲ့ သွားတွေ့ရဦးမယ်"

ရဲမင်းက အင်မတန်ရိုကျိုးသောမျက်နှာမျိုး လုပ်ပြသည်။ မင်းထင်က ရယ်ပြီး

"ဟားဟား မင်းချစ်သူကို လိမ်ရဦးမှာပေါ့၊ ကောင်းတယ်





ကောင်းတယ်၊ ကဲ သွားတော့ ယောက်ဖရေ"

"ယောက်ဖရေ သွားခါနီး အမှတ်တရအဖြစ် ခိုးလာတဲ့ တစ်သျှူးလေး ယူထား၊ မျက်နှာပူတော့ သုတ်ရတာပေါ့ ဟီဟိ"

ဆိုကာ စနိုးတာဝါထုတ်ပေး၏။ ပြီးနောက်

"သွားပြီယောက်ဖရေ၊ သွားပြီ"

ရဲမင်းက အရင်လမ်းခွဲသွားလေတော့သည်။ ထိုတော့မှ

"တီတီတီ တီတီတီ"

ဖုန်းမြည်သံ။ တပည့်ကျော်ခေးငမိုး၏ဖုန်း။

"အေး ပြော"

"မန္တလေး အောင်မြေသာဇံမှာတဲ့ဆရာ"

"သေချာလား"

"သေချာပါတယ်ဆရာ၊ အိမ်နံပါတ်က. . . ပါ"

"ကောင်းပြီ"

"အရန်တပ်ဖွဲ့ လွှတ်ပေးရမလား ဆရာ"

"မလိုဘူး၊ ငါ့ဘာသာငါလုပ်မယ်"

ဖုန်းကို ဂွပ်ခနဲချလိုက်သည်။ စိတ်ထဲ၌လဲ

"တွေ့ကြသေးတာပေါ့ကွာ"

ဆိုကာ ကားပေါ်လှမ်းတက်လိုက်သည်။ ကားစက်ကိုနှိုးပြီးမှ ဒိုင်ခွက်ကိုကြည့်လိုက်တော့

"တောက် ကားကလဲ အရေးကြီးမှ ဆီကုန်ခါနီးပြီ၊ ဆီသွား ထည့်ဦးမှ"

ဆိုကာ ပစ်မှတ်ရှိရာမသွားခင် ဓာတ်ဆီဆိုင်သို့ အရင်ဦးတည် လိုက်ရလေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းချိန်းဆိုထားသောအိမ်သို့ ရောက်ရှိခဲ့ပေပြီ။

"ပန်းပွင့် ပန်းပွင့် ပန်းပွင့်ရှိလား၊ အိမ်ရှင်တို့"

ရဲမင်းအော်သံကြောင့် အိမ်ထဲမှအဒေါ်ကြီးတစ်ယောက် ထွက်လာ၏။

"ဟဲ့ ဘယ်သူလဲ၊ အိမ်ရှေ့မှာ အာပြဲကြီးနဲ့ အော်နေတာ"

ရဲမင်းက အဒေါ်ကြီးကိုပြုံးပြပြီး

"ဟိုလေ၊ ကျွန်တော်ကရဲမင်းပါ။ ပန်းပွင့် ပန်းပွင့်နဲ့ ချိန်းထားလို့"

အဒေါ်ကြီးက ခြေဆုံးခေါင်းဆုံးကြည့်ပြီး

"မှတ်ပုံတင်ပြ"

ထုံးစံအတိုင်း မှတ်ပုံတင်ပြရသေး၏။ အဒေါ်ကြီးက မှတ်ပုံ





တင်ဓာတ်ပုံနှင့် လူကို အသေအချာတိုက်ဆိုင်စစ်ဆေးသေး၏။ ပြီးမှ

"ခဏစောင့်"

ဆိုကာ အိမ်ထဲခပ်သုတ်သုတ် ပြန်ပြေးသွား၏။ ခဏကြာ ဘယ်သူမှမတွေ့စေချင်သောပုံမျိုးနှင့် ပြန်ပြေးလာပြီး

"ရော့"

လက်ထဲ စာရွက်တစ်ရွက် လာထိုးထည့်ပေး၏။ ဖွင့်ဖတ်လိုက်တော့

"ဟာ"

ရဲမင်း ပျော့ကျမလိုပင် ဖြစ်သွား၏။ ရေးထားသည်က

"ကိုရဲ

အစ်ကို့ကို မန္တလေးမှာ တွေ့တယ်ဆိုလို့ ပြင်ဦးလွင်ကိုဆက်သွားပြီ၊ ပြင်ဦးလွင်က နီနီတို့အဒေါ်အိမ်မှာ ခဏနားမယ်၊ ပြီးတာနဲ့ တရားရုံးတန်းသွားမှာမို့ ဒီနေ့ရောက်အောင်လာပါ၊ ပြင်ဦးလွင်တရားရုံးမှာ စောင့်နေမယ်၊ တစ်ခါတည်း လက်မှတ်ထိုးမှ စိတ်ချရတော့မယ်၊ အသိသက်သေအဖြစ် နီနီတို့ မေဂျွန်တို့လဲ ရောက်နေပြီ၊

ဒါပဲ၊ ဆက်ဆက်ရောက်အောင်လာပါ၊ စောင့်နေမယ်၊

သတိ။ တယ်လီဖုန်းမဆက်ပါနဲ့။ တယ်လီဖုန်း ဆက်သွယ်မှုနဲ့ အစ်ကိုက လိုက်နေတာ၊

ဒီစာရရချင်းထွက်လာခဲ့။

ပန်းပွင့်"

စာဖတ်ပြီးသည်နှင့် ရဲမင်းလဲ အချိန်မဆိုင်းနိုင်တော့။

"သွားပြီ၊ သွားပြီ အန်တီသွားပြီ၊ အချိန်မမီမှာ စိုးလို့ပါ"

ဆိုကာ ပြင်ဦးလွင်ကားဂိတ်ကို သုတ်ခြေတင်ရလေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



သူထွက်သွားပြီး သိပ်မကြာပါ။ ထိုအိမ်ရှေ့သို့ ဂျစ်ကားတစ်စီး ထိုးဆိုက်လာပြန်သည်။

"အိမ်ရှင်တို့ အိမ်ရှင်တို့"

"ဟဲ့ ဘယ်သူပြန်တုန်း၊ မသွားသေးဘူးလား"

မေဂျွန့်အမေ အိမ်ရှင်အဒေါ်ကြီး ပြေးထွက်လာရပြန်သည်။

"ဟဲ့ ဒါက ဘယ်သူတုန်း"

ဂျစ်ကားပေါ်မှ လူရွယ်တစ်ယောက် ခပ်တည်တည်ဆင်းလာသည်။

"ကျုပ်က ပန်းပွင့်အစ်ကို မင်းထင်ပါ"

"ဟင်"





နာမည်ကြားရုံနှင့် အဒေါ်ကြီးတုန်တက်သွား၏။ မင်းထင်က ခပ်တည်တည်နှင့် အဒေါ်ကြီးနားကပ်သွားပြီး

"အိမ်မီးရှို့ရမလား၊ ပန်းပွင့်ကို ထုတ်ပေးမလား"

"ရှင်"

အဒေါ်ကြီး ခွေကျမလိုဖြစ်သွား၏။ နောက်မှ ကတုန်ကယင်နှင့်

"ပန်း ပန်းပွင့်မရှိပါဘူးကွယ်၊ အိမ်ကိုတော့ မီးမရှို့ပါနဲ့ မောင်မင်းထင်ရယ်၊ မယုံရင် အိမ်ထဲဝင်ရှာပါ"

မင်းထင်မှာ မျက်နှာတွေပူပြီး ရဲမင်းခိုးပေးခဲ့သော စနိုးတာဝါဖြင့် မျက်နှာပင့်သုတ်လိုက်သည်။

"ဒါဖြင့် ဘယ်သွားလဲ၊ လိမ်မယ်တော့ မကြံနဲ့နော်"

အဒေါ်ကြီးမှာ ကတုန်ကယင်ဖြင့်

"မသိ မသိပါဘူးကွယ်၊ ဘာမှကို မပြောသွားပါဘူး"

"ဘယ်သူလာသေးလဲ"

"ဘယ်သူလဲဆိုတော့ ဟို"

အဒေါ်ကြီးပြောသင့်မပြောသင့် စဉ်းစားနေသေးသည်။

"လိမ်မယ်မကြံနဲ့နော်"

ခွပ်ခနဲ မီးခြစ်ဖွင့်သံ ကြားရသည်။ ထိုတော့မှ

"ကောင်လေး၊ ကောင်လေးတစ်ယောက်တော့ လာသွားတယ်"

မင်းထင် မျက်မှောင်ကြုတ်သွားသည်။

"ဘာလာလုပ်တာလဲ"

"ပန်းပွင့်ထားခဲ့တဲ့စာလေး လာယူသွားတယ်"

မင်းထင် ရုတ်တရက်ငြိမ်သွားသည်။ ပြီးမှ

"ဘယ်လိုပုံမျိုးလဲ"

"ဘယ်လိုပုံမျိုးလဲဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"တီတီတီ တီတီတီ"

တယ်လီဖုန်းမြည်သံ။ မင်းထင် ဖုန်းကိုထုတ်ကြည့်လိုက်သည်။ မားငမိုး၏ဖုန်း။

"အေး ပြော"

"ပြင်ဦးလွင်ဖက် တက်သွားတယ်တဲ့ဆရာ"

"ဘာ ဘာပြောတယ်"

"သူတစ်ယောက်တည်း သွားပေမယ့် ပြင်ဦးလွင်မှာ ချိန်းထားတယ်တဲ့ ဆရာ"

မင်းထက် သက်ပြင်းချသည်။

"နောက်ပြီး ချက်ဖောင်းပြောတယ်ဆရာ၊ ဆရာ့ရဲ့သူငယ်ချင်းယောက်ဖဆိုတာ"

"တိတ်"

"ဟုတ်"

"ဒါပဲမဟုတ်လား"

"ဟုတ် ဟုတ်"



အဒေါ်ကြီးက မင်းထင်ကို
အံ့အားသင့်စွာ
ကြည့်နေသည်။
မင်းထင်က
သူ့ဂျစ်ကားပေါ် ပြန်တက်၍
ဝူးခနဲ
မောင်းထွက်သွားလေတော့၏။





မင်းထင် ဖုန်းချလိုက်သည်။ အတန်ကြာရပ်နေသေး၏။ နောက်မှ သက်ပြင်းချပြီး

"ကျေးဇူးပဲ အန်တီ"

"ဟင်"

မင်းထင်၏ ပြောင်းလဲသွားသော အမူအယာကြောင့် အဒေါ်ကြီး အံ့အားသင့်သွားသည်။

"သွားခွင့်ပြုပါဦး"

အဒေါ်ကြီးက မင်းထင်ကို အံ့အားသင့်စွာကြည့်နေသည်။ မင်းထင်က သူ့ဂျစ်ကားပေါ် ပြန်တက်၍ ဝူးခနဲမောင်းထွက်သွားလေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ရဲမင်း တယ်လီဖုန်းထုတ်ကိုင်ပြီး ချီတုံချတုံ ဖြစ်နေသည်။ ပြင်ဦးလွင်ကို သူ့ဘာသာသူ လိုင်းကားနှင့်ပဲ တက်သွားလျှင်လဲရ၏။ သို့သော် တစ်ယောက်တည်းသွားရမှာ အနည်းငယ်ပျင်းသလို ဖြစ်နေမိသည်။ ထို့ကြောင့် ခရီးသွားဖော်လူမိုက်ကြီးမင်းထင်ကို လှမ်းခေါ်လျှင်ကောင်းမလားဟု စိတ်ထဲ ချီတုံချတုံဖြစ်နေမိ၏။

မင်းထင်ပါလာလျှင်လဲ တစ်ခုတော့ကောင်း၏။ အကယ်၍ ပန်းပွင့်၏အစ်ကို လူမိုက်ကြီး လိုက်လာလျှင်လဲ ကြောက်စရာမလိုတော့။ မင်းထင်နှင့်တွေ့ပေးလိုက်ရုံသာ။ သူတို့ကိစ္စ သူတို့ဖြေရှင်းပါလိမ့်မည်။

ဝမ်းသာပြီး ဖုန်းခေါ်ရန်ပြင်သည်။





သို့သော် ပြန်စဉ်းစားမိသည်။

မင်းထင်၏အလုပ်မပြီးသေးလျှင် ဘယ်သို့ဖြစ်မည်နည်း။ ဖုန်းဆက်သည့်အတွက် အနှောင့်အယှက်ဖြစ်နေမှာလဲ စိုးရသေး၏။ အမှန်တော့လဲ ခရီးသွားရင်းနှင့်သာ ခင်မင်ရင်းနှီးခဲ့၍ တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်းမသိသေး။ သူ့ဘာလဲ ကိုယ်ဘာလဲ မပြောနှင့်။ သူ့ဘာကိစ္စနှင့်ဦးတည်ပြီး ကိုယ်ဘာကိစ္စနှင့် ဦးတည်နေမှန်း ပင်မသိကြ။ ကိုယ့်ကိုဒုက္ခပေးနိုင်သူဖြစ်နေလျှင်

ဖုန်းကို ပြန်ချလိုက်သည်။

"ပြင်ဦးလွင် ပြင်ဦးလွင်"

ကားသမားများထံမှခေါ်သံများက မြူဆွယ်နေသယောင်။

နောက်ဆုံးတော့

"မထူးပါဘူးလေ၊ ဖုန်းခေါ်ကြည့်လိုက်မယ်၊ မရတော့လဲ နှုတ်ဆက်တာပေါ့"

ဟုဆုံးဖြတ်ပြီး တယ်လီဖုန်းလှမ်းခေါ်လိုက်သည်။

× × ×



www.burmeseclassic.com

ကားထဲ လက်သုံးတော်ဂျပန်ကင်ဒိုဓားရှည်ထည့်နေတုန်း ဖုန်းမြည်သံကြား၍ မင်းထင်စိတ်ပျက်သွား၏။

"ခါးငမိုးပဲဖြစ်မယ်၊ ညီမလေးတော့ ဘယ်ပြောင်းသွားပြန်ပြီလဲ"

ဟူသော စိုးရိမ်စိတ်နှင့် ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဘာလဲကွာ"

တစ်ဖက်မှ ဘာသံမှမကြားရ။ နောက်မှ

"ယောက်ဖ"

"ဟင်"

ရဲမင်းအသံကြားတော့ မင်းထင်ပျော်သွားသည်။ အင်မတန်ခင်မင်စရာကောင်း၍ အသုံးတည့်သူကိုး။ ထို့ကြောင့်

"အေး ယောက်ဖ၊ အခုပဲ သတိရနေတာ၊ မင်းဘယ်မှာလဲ"

တစ်ဖက်မှ အသံတိတ်သွားပြန်သည်။ အတန်ကြာမှ





"ကားဂိတ်မှာ ယောက်ဖ"

"ဟင် မင်း မင်း ဘယ်သွားဖို့လဲ"

တစ်ဖက်မှ ပြောသင့်မပြောသင့် စဉ်းစားနေပုံရသည်။

"ပြင်ဦးလွင်ဖက် ခဏသွားစရာရှိလို့ပါ။ ဘာမှမဟုတ်ပါဘူး"

ရဲမင်းစကားကြားတော့ မင်းထင်ဝမ်းသာသွားသည်။ သူလဲပြင်ဦးလွင်သွားမည်ကိုး။ ထို့ကြောင့်

"အေး ယောက်ဖ၊ အတော်ပဲ၊ ငါလဲ စိတ်ပြေလက်ပျောက် ပြင်ဦးလွင်သွားမလားလို့ စဉ်းစားနေတာ"

သူ့စကားကြောင့် တစ်ဖက်မှလဲ ဝမ်းသာသွားသည်ထင်၏။

"ဟာ ဒါဆိုအတော်ပဲ၊ နှစ်ယောက်အတူ ပျော်ပျော်ပါးပါး သွားကြမယ်လေ"

"အေး ကောင်းတာပေါ့၊ သွားမယ်လေ၊ ယောက်ဖကို ကိုယ် ဘယ်မှာဝင်ခေါ်ရမလဲ"

"မန္တလေးမြို့အထွက်သာ လာခဲ့လိုက်၊ အဲဒီကပဲစောင့်မယ်"

"စိတ်ချယောက်ဖ၊ ကိုယ် အခုရောက်ခဲ့မယ်၊ ဒါပဲနော်ယောက်ဖ"

တယ်လီဖုန်းချပြီး မင်းထင်ပို၍ တက်ကြွသွား၏။ ခရီးသွားကောင်းသူငယ်ချင်းများနှင့် တွေ့ရမည်ကိုး။ ထို့ကြောင့် မူလအစီအစဉ်ဖျက်၍

"ဟေ့ကောင်တွေ မင်းတို့ ပြင်ဦးလွင်ကြိုသွားနှင့်ကြ၊ ပြီးရင် အဲဒီအိမ်ကိုဝိုင်းထား၊ ငါမကြာခင်လာခဲ့မယ်"

"ဟုတ် ဆရာ"

အားလုံးအလျှိုလျှိုပျောက်ကုန်၏။ ထိုတော့မှ မင်းထင် ကားပေါ်တက်၍

× × ×



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့အထွက် ဆိုင်းဘုတ်နားတွင် ရဲမင်းရပ်စောင့်နေသည်ကိုတွေ့၍ မင်းထင်ပျော်သွားသည်။ ရဲမင်းနား ကားထိုးရပ်ပြီး

"စောင့်ရတာကြာပြီလား ယောက်ဖ"

ရဲမင်းက ပြုံး၍ ကားပေါ်လှမ်းတက်ရင်း

"ကျွန်တော်လဲ အခုလေးတင်ရောက်တာ ယောက်ဖ၊ ကဲ သွားရအောင်"

မင်းထင်က ကားလေးကိုမောင်းရင်း

"ပြင်ဦးလွင်ကို အလည်သက်သက်ပဲလား ယောက်ဖ"

"ဆိုပါတော့ယောက်ဖရာ၊ အဲ ဒါပေမယ့် ပြင်ဦးလွင်ရောက်ရင်တော့ ကိုယ်နဲ့ခဏလိုက်ခဲ့၊ အံ့ဩစရာတွေပြမယ်"





ရဲမင်းစကားကြောင့် မင်းထင်ရင်ခုန်သွား၏။

"ဘာ ဘာတွေများလဲ ယောက်ဖ"

ရဲမင်းက ပြုံးပြီး

"ယောက်ဖထင်ထာတက် ပိုထူးဆန်းတာတွေပေါ့၊ ဒါနဲ့ ယောက်ဖကရော ပြင်ဦးလွင်ကို အလုပ်ကိစ္စပဲလား"

မင်းထင်လဲ ပြုံးပြီး

"ဆိုပါတော့ယောက်ဖရာ၊ ဒီတစ်ခါတော့ သေချာပြီထင်ပါတယ်၊ အင်း သေချာလောက်ပါတယ်"

ရဲမင်းက ကားပေါ်လိုက်ကြည့်ရင်း

"ဟာ ယောက်ဖ၊ ဒီမှာ ခါးကြီးနဲ့ပါလား"

ရဲမင်းညွှန်ပြရာ မင်းထင်က လိုက်ကြည့်ပြီး

"လက်စွဲတော်ကြီးလေ၊ ဟဲဟဲ မပါမဖြစ်ပေါ့"

"ခဏကြည့်မယ်နော်"

"ကြည့်လေ ရပါတယ်"

ရဲမင်းက မင်းထင်ဓားကိုယူပြီး ထုတ်ကြည့်သည်။

"အားပါး မြနေတာပဲလား"

မင်းထင်က ပြုံးပြီး

"အကောင်းဆုံးဓားပေါ့ ယောက်ဖရာ၊ အရှိုး အသွား အလေး ချိန်ကွက်တိပဲ"

ရဲမင်းက ဓားကိုယူပြီး သူ့ဗိုက်ကိုသူ ချိန်ကြည့်သည်။ ပြီးနောက်

"တောက် ဒီဓားမျိုးကို ဗိုက်ထဲဝင်လို့ကတော့ အူတွေအခွေလိုက်ထွက်ကျလာမလားပဲ"

"ဟားဟား အူတွေအခွေလိုက်ထွက်တော့လဲ ပေကြိုးနဲ့ထုတ်တိုင်းရုံပေါ့ကွာ၊ မဟုတ်ဘူးလား ဟားဟား"

"ဟားဟားဟား"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား သဘောတွေကျပြီး အူမြူးနေကြ၏။

"ဒါနဲ့ယောက်ဖ၊ မျက်နှာပူလို့ စနိုးတာဝါလေးရှိရင် လုပ်ပါဦး"

"ဟားဟား ရှိပ့၊ လိုအပ်မယ်မှန်းသိလို့ မန္တလေးအဝေးပြေးကားဂိတ်မှာ ဝင်ခိုးလာသေးတယ်"

"ဟားဟား ယောက်ဖကတော့ ပိုင်ပါ့ကွာ"

"ရော့ ဒီမှာခိုးလာတဲ့ စနိုးတာဝါ"

"ဟားဟားဟား"

ပြင်ဦးလွင်၏တောင်တက်လမ်းကလေးတွင် ဂျစ်ကားတစ်စီးမှရယ်သံများ ပျံ့လွင့်ကျန်ရစ်ခဲ့သည်။

သူတို့ရှေ့မှာတော့ ကံကြမ္မာ။

× × ×





တချို့ကလဲ ကံကြမ္မာကို လူကိုယ်တိုင်ရွေးချယ်ကြသည်ဆို၏။ တချို့ကလဲ ကံကြမ္မာကသာ လူကိုရွေးချယ်သည်ဟုဆိုကြသည်။ မည်သည့်အရာက အမှန်တရားဖြစ်ကြောင်းကိုမူ မည်သူကမှ ဂဃနဏ မပြောနိုင်ကြ။

အမှန်တော့ လူနှင့်ကံကြမ္မာသည် တွဲလျက်သာ။

ရံဖန်ရံခါ ကံကြမ္မာက ရှေ့ရောက်ချင်ရောက်နိုင်သလို၊ ရံဖန်ရံခါ၌ လူကလည်း ကံကြမ္မာရှေ့ ရောက်နိုင်ပေလိမ့်မည်တည်း။

လူနှင့်ကံကြမ္မာ၏ တစ်သားတည်းကျသွားချိန်၌လဲ ဘဝ၏အပြောင်းအလဲကြီးတစ်ခု ဖြစ်နိုင်ပေလိမ့်မည်။

ယခုလဲ ကံကြမ္မာနှင့်လူ တစ်သားတည်းကျနိုင်သူတို့သည်လဲ. .

× × ×



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်ရောက်သည်နှင့် ရာသီဥတုက သိသာစွာခြားနားသွားပေပြီ။ မကြာသေးခင်ကမှ ပူပြင်းခဲ့သော အပူရှိန်က ယခုတော့ မသိကျိုးကျွံပြုနေပေပြီ။

ခုနက အသုံးပြုခဲ့သော ခိုးရာပါတစ်သျှူးကလဲ အသုံးမဝင်တော့။ နှစ်ယောက်သား ဘယ်သွားရမှန်းမသိ။

"တီတီတီ တီတီတီ"

ဖုန်းမြည်သံ။ မင်းထက်ဆီမှဖုန်း။

"အေး ပြော"

"လက်မောင်းချက်ဖောင်းပါဆရာ"

"ပြော ဆို၊ တင်းလာပြီနော်"





"ပန်းပွင့်မရှိတော့ဘူး ဆရာ"

"ဘာ ဘာပြောတယ်"

"ကျွိ"

မင်းထက်က စိတ်လှုပ်ရှားစွာ ကားကိုလမ်းဘေးဆွဲချလိုက်သည်။

"အာ ဖြည်းဖြည်းလုပ်ပါ ယောက်ဖရာ"

ရဲမင်းစကား။ မင်းထင်က ရဲမင်းကို တိတ်တိတ်နေရန် သတိပေးသည်။

"မရှိရအောင် ဘယ်ရောက်သွားလို့လဲ"

"ဟို ဟိုလေ၊ ဘယ်သွားလဲတော့ မသိဘူး၊ ဆိုင်ကယ်နဲ့ ထွက်သွားတာပဲ"

"ဟ ဆိုင်ကယ်နဲ့ထွက်သွားတာ မင်းတို့လိုက်မကြည့်ဘူးလား"

"လိုက်တော့ကြည့်တယ်ဆရာ၊ ဆိုင်ကယ်က နှစ်စီးနဲ့ ဆိုင်ကယ်ဦးထုပ်တွေနဲ့ နှစ်လမ်းသွားတော့"

"အေးလေ ဘယ်သွားလဲ"

"တစ်စင်းက မန္တလေးဖက် ပြန်ဆင်းပြီး၊ တစ်စင်းက ရုံးတွေရှိတဲ့ဖက် ဦးတည်သွားတယ်"

"လိုက်ကြည့်ထား မလွှတ်စေနဲ့"

မင်းထင် ဖုန်းချလိုက်သည်။ ထိုစဉ်မှာပင်

"တီတီတီ တီတီတီ"

ရဲမင်းထံမှဖုန်း။ ရဲမင်းက ဖုန်းကိုကြည့်ပြီး

"ဘယ်လိုဖြစ်တယ်မသိဘူး၊ ယောက်ဖနဲ့ကိုယ့်ဖုန်းက အမြဲတမ်းရှေ့ဆင့်နောက်ဆင့် အမြဲဝင်နေတာချည်းပဲနော်"

ဆိုကာ ဖုန်းကိုကိုင်လိုက်သည်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်က ရဲမင်းကို ဇဝေဇဝါနှင့်ကြည့်သည်။

"ဘယ်ရောက်နေလဲ၊ မရောက်သေးဘူးလား"

ပန်းပွင့်အသံမို့ ရဲမင်းဝမ်းသာသွားသည်။

"ရောက်ပါပြီ၊ အခုရောက်တော့မယ်"

"တရားရုံးကို မြန်မြန်လာ၊ တရားသူကြီးစောင့်နေပြီ၊ ဒါပဲ"

ဖုန်းချသွားပြန်သည်။ ရဲမင်းက ဝမ်းသာသွားပြီး

"ကဲ ယောက်ဖ၊ ကိုယ်သွားရတော့မယ်၊ ယောက်ဖရော ဘယ်သွားမလဲ"

မင်းထင် ခေါင်းကုတ်ပြီး

"အင်း ဘယ်သွားရမလဲ မသေချာသေးဘူး"

ရဲမင်းဝမ်းသာသွားသည်။

"ဟာ ဒါဖြင့် ကိုယ်နဲ့ခဏလိုက်ခဲ့ပါလား၊ အားနေတာပဲ၊ ပြီးမှ ချိန်းတဲ့ဆီသွားပေါ့"

"ဩော် အင်း ဟိုလေ"

မင်းထင်ခေါင်းကုတ်သည်။ ရဲမင်းက မင်းထင်လက်မောင်းကို ဆွဲခါယမ်းရင်းပြောသည်။

"လုပ်ပါယောက်ဖရာ၊ ခဏလေးပဲဟာ လိုက်ခဲ့ပါ"

"ဟိုလေ အလုပ်က"

"ဟာ ယောက်ဖကလဲ အလုပ်က တပည့်တွေဖုန်းဆက်မှပဲ ကို"

"အဲ အဲဒါကလေ"

"လာပါယောက်ဖရာ၊ ယောက်ဖကို အထူးအဆန်းပြစရာရှိလို့ပါ"

မင်းထင်စိတ်ဝင်စားသွားသည်။

နောက်ဆုံး မင်းထင်လဲ





"ကဲ ဒါဖြင့်လဲ ကိုယ်လိုက်ခဲ့မယ် ယောက်ဖရာ၊ နောက်မှပဲ လမ်းခွဲကြတာပေါ့"

"ဟေး ဒါမှ ငါ့ယောက်ဖကွ"

ရဲမင်း ကလေးငယ်တစ်ယောက်လို ပျော်မြူးသွားသည်။

"ကဲ ဘယ်လိုသွားရမလဲ"

"ဒီကနေ့စ်လမ်းကျော်ပဲ၊ မကြာဘူး ရောက်ပြီ"

ကားလေးက ကံကြမ္မာများ တင်ဆောင်၍ ဘီးရွေ့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကားလေးက ဘီးရှေ့နေတုန်း။

"အဲ အဲဒီရှေ့မှာပဲ ရပ်၊ ယောက်ဖ"

မင်းထင် ရဲမင်းညွှန်ပြရာရပ်လိုက်သည်။ ပြီးမှ ဝေ့ကြည့်ကာ

"ဟာ ယောက်ဖ၊ ယောက်ဖရပ်ခိုင်းတာ တရားရုံးကြီး"

ရဲမင်းက ပြုံးပြီး မင်းထက်ပခုံးကို ခပ်ကြွမ်းကြွမ်းပုတ်ကာ

"အကွက်ရှိတယ်လေ ယောက်ဖရဲ့ ဒီမှာ ခဏစောင့်၊ ခဏနေယောက်ဖကို မိတ်ဆက်ပေးစရာရှိတယ်"

"ဘယ်လို"

မင်းထင်ကြောင်သွား၏။ ရဲမင်းက အားရပါးရပြုံးပြီး

"သူ့သူငယ်ချင်းလေးတွေက အလန်းလေးတွေသိလား၊ ယောက်ဖကို မိတ်ဆက်ပေးမယ်၊ ကိုယ့်ဘာသာကိုယ် ကြည့်ကျက်တွန်းပေါ့"





ရဲမင်းစကားကို မင်းထင် သိပ်သဘောမပေါက်။

"ဘာ ဘာကိုတွန်းရမှာလဲဟင်"

ရဲမင်းက ပြုံးပြီး

"လာမှကြည့်၊ အံ့ဩသွားမယ်"

"အံ့ဩရမယ် ဟုတ်လား"

"ကြက်သေပါ သေသွားစေရမယ်"

"ကဲ သွားပြီ ယောက်ဖ၊ မျက်နှာလေးကို ဒီလိုလေးရိုးချပြီး သွားလိုမ့်လိုက်ဦးမယ်၊ ဟီဟိ"

"အာ ယောက်ဖကတော့လုပ်ပြီ"

"အဲ နောက် ကိုယ့်ကိုနှောင့်ယှက်တဲ့ကောင်တွေလာရင် ရှင်းထားနှင့်နော်"

မင်းထင်က ရင်ကော့ပြီး

"ဘယ်ကောင်လာလာ အူထုတ်တိုင်းထားပေးမယ်"

"ဒါမျိုးဖြစ်နေရမှာပေါ့ ယောက်ဖရဲ့ ကဲ သွားပြီ မျက်နှာလေး ဒီလိုလေးရိုးချပြီး သွားပြီ"

ဆိုကာ ကားပေါ်မှ အင်မတန်ရိုးသားသောမျက်နှာဖြင့် ပြေးဆင်းသွားလေတော့သည်။

မင်းထင်မှာ ဘာမှမသိရပါဘဲ အူကြောင်ကြောင်ကျန်ခဲ့သည်။ နောက်မှ ပြုံးပြီး

"အတော်ရှုပ်တဲ့ယောက်ဖကွာ"

ဟု တစ်ယောက်တည်းကျန်ခဲ့သည်။ နောက် ဘေးဘီဝေ့ကြည့်ရင်း

"ဘယ်ကောင်လာမှာမို့လို့လဲ၊ လာလို့ကတော့ အဆော်ပြေနွှာ



www.burmeseclassic.com

www.burmeseclassic.com



ထားရမှာပဲ”

ထိုစဉ်မှာပင်

“တီတီတီ တီတီတီ”

ဖုန်းမြည်သံ။ လက်မောင်းချက်ဖောင်းဖုန်း။

မင်းထင်စိတ်ထဲ အရည်မရ အဖတ်မရတွေ ကြားရမည်စိုး၍ ဖုန်းမကိုင်မိသေး။

“တီတီတီ တီတီတီ”

ဖုန်းကမြည်နေဆဲ။ မင်းထင်ဖုန်းကို ကိုင်ရနိုး မကိုင်ရနိုး ဖြစ်နေသည်။

× × ×





ရဲမင်း တရားရုံးပေါ်သို့ ပြေးတက်သွားမိသည်။

တရားသူကြီးရှေ့မှာတွေ့ရသော ချစ်သူပန်းပွင့်။ သူ့ကိုတွေ့တော့ ပျာပျာသလဲနှင့် ထလာပြီး

“ကြာလိုက်တာ ကိုရဲရယ်၊ ဘယ်တွေဝင်နေလို့လဲ”

ရဲမင်းက အင်မတန်ရိုးသောမျက်နှာဖြင့်

“ဘယ်မှမဝင်မပါဘူး အချစ်ရယ်၊ ယောက်ဖက ကားဖြည်းဖြည်းပဲ မောင်းလာလို့”

ပန်းပွင့် မျက်မှောင်ကြုတ်သွားသည်။

“ဘယ်ကယောက်ဖလဲ”

ရဲမင်းက ရယ်ကျဲကျဲလုပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောပြောနေတဲ့ ခရီးသွားဖော်ယောက်ဖလေ၊ သိပ်သဘောကောင်းတာ၊ နောက်မှမိတ်ဆက်ပေးမယ် ဟီဟိ"

ရဲမင်း အူတွေမြူးနေ၏။ ပန်းပွင့်ကသာ

"အဲဒါတွေလုပ်မနေနဲ့၊ ကိုကိုက ပြင်ဦးလွင်တက်လာပြီလို့ သတင်းကြားလို့"

ရဲမင်း ခပ်ပိုင်ပိုင်ပြုံးပြီး

"စိတ်ချစမ်းပါအချစ်ရာ၊ ပန်းပွင့်အစ်ကိုတက်လာလဲ ကိုယ့်ယောက်ဖနဲ့ တွေ့ပေးလိုက်မယ်၊ ပွဲပြတ်ရော ဟီဟိ"

ပန်းပွင့်စိတ်မရှည်တော့။ ရဲမင်းလက်ကိုဆွဲပြီး

"ကဲ ယောက်ဖတွေဘာတွေ ခဏထား၊ တရားသူကြီးရှေ့ မြန်မြန်လက်မှတ်ထိုးပြီး မြန်မြန်သွားရအောင်"

ဆိုကာဖြင့်. .

× × ×





"တီတီတီ တီတီတီ"

တယ်လီဖုန်းသံကား မြည်နေဆဲ။ မင်းထင် ဖုန်းကိုင်ရန်း မကိုင်ရန်းဖြစ်နေသည်။ နောက်မှ

"မထူးပါဘူးလေ၊ မကိုင်မချင်း ခေါ်နေမှာပဲ"

တွေးမိပြီး ဖုန်းကိုကိုင်လိုက်သည်။

"ချက်ဖောင်း ဘာလဲပြော"

"တည်နေရာ အတိအကျသိရပြီဆရာ"

ချက်ဖောင်းအသံ။

မင်းထင်အားတက်သွားသည်။

"ဘယ်မှာတဲ့လဲပြော"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ တိတ်သွားသေးသည်။ ပြီးမှ

"တရားရုံးသွားပြီး သူ့ချစ်သူနဲ့ လက်မှတ်သွားထိုးတယ်လို့ ပြောတယ်"

"ဘာ"

မင်းထင်၏ အလန့်တကြားအော်သံ။ ကိုင်ထားသော တယ်လီဖုန်းလမ်းမပေါ် ခွမ်းခနဲကျကွဲသွား၏။ ကြောင်ပြီး ပြန်မော့ကြည့်မိသည်။ မြင်နေရသည်က

"မြို့နယ်တရားရုံး"

ချက်ချင်း ပြုံးဖြဲဖြဲနှင့် ရဲမင်းရုပ်ကြီး ပေါ်လာသည်။ ထိုရုပ်ကြီးနှင့်ပင် အော်ခေါ်လိုက်သည်က

"ယောက်ဖ"

× × ×





တရားရုံးတွင် တရားသူကြီးရှေ့မှောက် သက်သေများနှင့်တကွ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်သည်။

"ဟဲ့ နီနီတို့၊ တရားရုံးအပြင်ဖက် သွားထွက်ကြည့်ဦး၊ အစ်ကို ရောက်နေမှဖြင့်"

ပန်းပွင့်၏စိုးရိမ်စကား။ ရဲမင်းက ပြုံးပြီး

"စိတ်ချစမ်းပါ၊ ကိုယ့်ယောက်ဖ ရှိပါတယ်ဆို၊ ပန်းပွင့်အစ်ကို လောက်ကတော့ ယောက်ဖက အသာလေးထိန်းထားမှာပါ"

ပန်းပွင့်က စိတ်ညစ်ဟန်ဖြင့်

"ဩော် သူ့ဒုက္ခရောက်မှာစိုးလို့လဲ ပြောရသေးတယ်၊ အစ်ကို့ ဒေါသကို ဘာထင်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းက ပိုင်ပိုင်နိုင်နိုင်ပြုံးပြီး

"ပန်းပွင့်ရယ်၊ ကိုယ့်ကိုစိတ်ချစမ်းပါ၊ ကိုယ့်ယောက်ဖက ပန်းပွင့်အစ်ကိုလောက်ကို အသာလေး ထိန်းနိုင်ပါတယ်၊ ရဲရဲလာစမ်းပါ၊ ကိုယ့်ယောက်ဖနဲ့ကိုယ် မိတ်ဆက်ပေးမယ်၊ ယောက်ဖက ပေါ်တောတောနဲ့ သိပ်ချစ်စရာကောင်းတယ်၊ လာစမ်းပါ ဟင်းဟင်းဟင်း"

ပန်းပွင့်က တွန့်ဆုတ်တွန့်ဆုတ်နှင့်။

× × ×





မင်းထင် သူ့ဂျစ်ကားနားမှာ ဖုန်းကိုင်ထားဟန်နှင့် တရားရုံးကို မော့ကြည့်ရင်း ကြက်သေသေနေသည်။ ထိုစဉ်အတွင်း တပည့်ကျော်လက်မောင်းချက်ဖောင်းတို့အဖွဲ့ ရောက်လာသည်။

"ဟင် ဆရာ ဆရာက ဒီနေရာကြိုရောက်နေတယ်၊ ဘယ်လိုလုပ်သိလဲ"

မင်းထင် ဘာမှမပြောနိုင်။ ချက်ဖောင်းက မင်းထင်နားဦးညွတ်ပြီး

"သေချာတယ် ဆရာ၊ သူတို့မကြာခင် ပြန်ထွက်လာပါလိမ့်မယ်"

ထိုစကားကြားမှ မင်းထင်မှာ ပျာပျာသလဲနှင့် ကားပေါ်ပြန်



www.burmeseclassic.com

တက်မည်ပြင်ပြီး

"ဟင် မကြာခင် မကြာခင် ပြန်ထွက်လာမယ်၊ ဒါ ဒါဆို"

သူ ယောက်ယက်ခတ်နေတုန်းမှာပင် တရားရုံးဝမှ ကြားလိုက်ရသောအသံကျယ်ကျယ်က

"ယောက်ဖ"

ထိုအသံကြားတော့ မင်းထင်တုန်တက်သွား၏။ ထို့အတူ ပန်းပွင့်လဲ မျက်လုံးကြီးပြူးပြီး

"ကိုကို ကိုကို"

"ဟာ"

ဒီတစ်ခါ ကြက်သေသေသွားသူက ရဲမင်း။

အားလုံးကြောင်ပြီး ငြိမ်ကုန်၏။

× × ×





အချိန်ကား စက္ကန့်အနည်းငယ် ကြာမြင့်ပေလိမ့်မည်။ မည်သူမှ လှုပ်ရှားခြင်းမရှိ။ အားလုံး ကြက်သေသေနေကြသည်။ မည်သူကမှ မျက်လုံးကလေးပင် ကစားချင်စိတ်မရှိကြ။

လက်မောင်းချက်ဖောင်း၏ နှုတ်ခမ်းထောင့် တွဲရရွဲကျနေသောစီးကရက်မှ ပြာပင် လက်တစ်ဆစ်ခန့် ရှည်လျားသွားပြီ။ တုတ်တုတ်ပင်မလှုပ်သေး။ မီးခိုးပင် အတောင့်လိုက်ကြီး ငြိမ်ပြီးတက်နေသည်။

အပြင်မှာ လေတိုက်သော်ငြား အဝတ်အစားပင်မလွင့်။ ဝတ်ထားသော အဝတ်အစားများပင် ကြက်သေသေကုန်ပြီ။

ဖျတ်ခနဲ လေအဝှေ့။

www.burmeseclassic.com



မင်းထင်နဖူးပေါ်ကျနေသော ဆံနွယ်စ လှုပ်သွားသည်။

ချက်ဖောင်း၏ဆေးလိပ်ပြာ ထောက်ခနဲကြွေကျ၏။ ရဲမင်းခန္ဓာကိုယ်မှ ဇောချွေးပျံ့ခနဲ စိမ့်ထွက်လာသည်။ ပန်းပွင့်၏ အဝတ်အစားများ လေယူရာတိမ်းသွား၏။

နောက်

"ကိုကို ကိုကို"

ပန်းပွင့်၏နှုတ်မှထွက်လာသော မပီမသအသံ။

"ယောက် ယောက်ဖ"

ရဲမင်း၏ကတုန်ကယင်အသံ။ မင်းထင် မျက်လုံးပြူးသွားသည်။ ဒေါသထွက်သည့်သဘော။

ချက်ဖောင်းအသံက

"လက်စသတ်တော့ တို့ဆရာက သူ့ယောက်ဖကို သူ့ညီမဆီရောက်ဖို့ ရန်ကုန်ကတည်းက ကားမောင်းပြီး လိုက်ပို့တာကိုး၊ ဒါနဲ့များ အူထုတ်မလို့တဲ့၊ ငါဖြင့် ရယ်တောင်ရယ်လိုက်ချင်သေး၊ ဟေးဟေး"

"ဟာ"

ထိုအသံကြားသည်နှင့် မင်းထင် ကားပေါ်မှ လက်စွဲတော်ဓားကို ရွှမ်းခနဲ ဆွဲထုတ်လိုက်သည်။ ချက်ဖောင်းမျက်နှာပေါ် သူ့လက်သီးကျရောက်သွား၏။

"ခွပ်"

"အောင်မလေးဗျ"

နောက်

"ဟား"

ဓားကြီးဆွဲပြီး ရဲမင်းတို့ထံ ဒေါသတကြီး ပြေးအတက်

"ယောက်ဖ ယောက်ဖ"

"ကိုကို"





"ယောက်ဖ"

မြန်မာလူလည် ရဲမင်းက ချက်ချင်းပြေးပြီး မင်းထင်ရှေ့ ဒူးထောက်ထိုင်ရှိခိုးလိုက်သည်။

"ဟင်"

ရဲမင်းအပြုအမူကြောင့် မင်းထင် ဓားကြီးမြှောက်ပြီး ခုတ်ရန်ပြင်နေရာမှ ကြောင်သွားသည်။ သူ့စိတ်ထဲမှာ ဒီကောင် ဓားမြင်သည်နှင့်ထွက်ပြေးမည်ထင်ထားတာကိုး။ ယခု ထိုသို့မဟုတ်။ ရဲမင်းတဒူးထောက်လျက်သား လက်အုပ်ချီပြီး ငိုမဲ့မဲ့နှင့်

"ယောက်ဖ ယောက်ဖနဲ့ကိုယ် ကတိထားခဲ့ကြတယ်လေ၊ ယောက်ဖလက်နဲ့ ကိုယ် အနာတရ မဖြစ်စေရဘူးဆိုတာ"

မင်းထင်တွန့်သွားသည်။ အနောက်ပြန်လှည့်ပြီး

"ဒါဆို ဟော့ကောင်တွေ"

တပည့်အားလုံး လှုပ်လှုပ်ရွရွဖြစ်သွား၏။ ဒါကို ရဲမင်းတလက်အုပ်ချီပြီး

"ယောက်ဖ ယောက်ဖတပည့်တွေလက်နဲ့လဲ အနာတရ

*မပြောနဲ့လေ ယောက်ဖ၊*

*ယောက်ဖတပည့်တွေရှေ့မှာ*

*ယောက်ဖလုပ်ခဲ့သမျှတွေပါ*

*ပေါက်ကွန်မှာပေါ့ ယောက်ဖရယ်၊*

*အားလုံး အရှက်ကွဲကုန်လိမ့်မယ်၊*

*ယောက်ဖညီမလဲ စိတ်ဆိုးသွားရင်*

*တစ်ခုလပ်ဖြစ်သွားလိမ့်မယ်၊*





www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေရဘူး ကတိပေးခဲ့တယ်လေယောက်ဖ၊ ယောက်ဖတို့ ရာကူဆာတွေ၊ အဲ ဆာမူရိုင်းတွေဟာ ပေးထားတဲ့ကတိတွေကို သေသည်အထိ မဖျက်ဘူးဆိုပြီး ဂုဏ်ယူခဲ့ကြတယ်လေယောက်ဖ၊ ယောက်ဖကတိဖျက်ချင်ရင်တောင် မျိုးရိုးသိက္ခာလေး ထိန်းပေးပါ"

ဒါကို ညီမဖြစ်သူ ပန်းပွင့်ကလဲ

"ဟုတ်ပါတယ်ကိုကိုရယ်၊ ညီမလေးတို့ တရားဝင် လက်မှတ်ထိုးပြီး အကြင်လင်မယားလဲ ဖြစ်နေပါပြီ၊ ညီမကို မုဆိုးမဖြစ်အောင်မလုပ်ပါနဲ့၊ နောက်ပြီး ကိုရဲမင်းကလဲ ရိုးပါတယ်"

မင်းထင်မျက်လုံးပြူးတက်သွားသည်။

"ဘာ ဒီကောင်ရိုးတယ် ဟုတ်လား"

ဒါကို ရဲမင်းက လက်အုပ်ချီပြီး

"မပြောနဲ့လေ ယောက်ဖ၊ ယောက်ဖတပည့်တွေရှေ့မှာ ယောက်ဖလုပ်ခဲ့သမျှတွေပါ ပေါ်ကုန်မှာပေါ့ ယောက်ဖရယ်၊ အားလုံးအရှက်ကွဲကုန်လိမ့်မယ်၊ ယောက်ဖညီမလဲ စိတ်ဆိုးသွားရင် တစ်ခုလပ်ဖြစ်သွားမယ်"

မင်းထင် ဒေါသတကြီး ဓားကြီးမြှောက်ပြီး ဘာလုပ်ရမှန်းမသိတော့။ ဒီကောင့်ပုံကလဲ နှုတ်လုံမည့်ပုံမပေါ်။ ထို့ကြောင့် မတတ်သာသည့်အဆုံး

"ဟေ့ကောင် မင်း ငါ့ကို ယောက်ဖလို့ မခေါ်နဲ့ကွ"

"ဘာဖြစ်လို့လဲ ယောက်ဖရယ်"

"ငါ ငါ ကျိမ်းလို့ကွ ကျိမ်းလို့"

"အာ ယောက်ဖကလဲ ကျိမ်းရင်လဲ သွားမယ်လေ၊ ကိုယ်နေရာသိတယ်"

"ဟေ့ကောင် တော်ကွာ"

ဆိုကာ လက်သုံးတော်ဓားကြီးကို ပစ်ချကာ





"ချက်ဖောင်း"

"ဗျာ ဆရာ"

"ငါပြန်မယ်၊ အားလုံးအသင့်ပြင်"

"Yes အဆင်သင့်ပါဆရာ"

မင်းထင် ခြေလှမ်းကြဲကြီးနှင့် လျှောက်သွားသည်။ ဒါကို ရဲမင်းက မျက်နှာရှုံးကြီးဖြင့်

"ယောက်ဖ ယောက်ဖပြန်ရင် ကိုယ်တို့လင်မယားလဲ လိုက်မယ်လေ၊ ကိုယ်တို့လင်မယားလဲလိုက်မယ်"

မင်းထင် ငိုချင်သွားသည်။ ကမ္ဘာကျော်လူမိုက်က မြန်မာချီးထုပ်ကို ဘယ်လိုမှမမီနိုင်ပေ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်တွင် ရှိသင့်ရှိထိုက်သော အရည်အချင်းသည် ထိုသူ၏အားသာချက်ပင် ဖြစ်ပေလိမ့်မည်။

ထိုအရည်အချင်းမှာ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ကောင်းမွန်စွာ ကိုင်တွယ်အသုံးချနိုင်ပါက အားသာချက်ကို ဖြစ်စေမည်မှာ မလွဲပေ။

ယခုလဲ အားသာချက်ရှိသူရှိပေသည်။

"ယောက်ဖ ယောက်ဖ"

အိမ်မှာ အေးအေးလူလူအိပ်နေတုန်း ရဲမင်းအသံကြားတော့ မင်းထင်လန့်နိုးသွား၏။

"ဘာလဲကွာ ယောက်ဖရာ အိပ်လို့ကောင်းနေတုန်း"

စိုး : မိုး : ၈ ၁ ၆ ၀ ၂



ရဲမင်းက မင်းထင်အခန်းထဲ ကုတ်ချောင်းချောင်းဝင်လာပြီး

"ရှူးတိုးတိုး မင်းညီမအိပ်နေတုန်း လစ်ရအောင်"

မင်းထင်မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လစ်မလို့လဲ"

ရဲမင်းက စပ်ဖြဲဖြဲနှင့်. .

"ကောင်မလေးတွေ အမိုက်စားရှိတဲ့နေရာ ကိုယ်တွေ့ထားတယ်"

"အဲဒီတော့"

ရဲမင်း စပ်ဖြဲဖြဲလုပ်ရင်း

"ယောက်ဖကလဲ ထုံးစံအတိုင်း ကိုယ်တစ်ယောက် ယောက်ဖတစ်ယောက်ပေါ့"

မင်းထင် မျက်လုံးပြူးသွား၏။

"ဟင် ဒါ ဒါဆို ငါ့ညီမကရော"

ရဲမင်းက ပြုံးပြီး မင်းထင်ပခုံးကိုတွန်းကာ

"ယောက်ဖကလဲ သူမှမသိတာ၊ အိမ်ပြန်လာလို့ သူရှေ့ရောက်ရင် ဟောဒီလိုရိုးတဲ့ မျက်နှာလေးနဲ့"

ရဲမင်းက သူ့မျက်နှာကို ရိုးပြပါသည်။ တကယ်ရိုးပါသည်။ သို့သော် မင်းထင်သည်းမခံနိုင်တော့။

"ယောက်ဖ"

"ဗျာ"

မင်းထင်၏ ဝမ်းခေါင်းသံကြောင့် ရဲမင်းကြောင်သွားသည်။ မင်းထင်က ဒေါသတကြီးထရပ်ပြီး

"ငါ ဆာမူရိုင်းအစစ်မဟုတ်ဘူး၊ ဒါကြောင့် ပေးထားတဲ့ဟာ အကုန်ဖျက်တယ်"

စိုး : မိုး : ၈ ၁ ၆ ၀ ၂

www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ နံရံတွင်ချိတ်ဆွဲထားသောဓားကြီး ပြေးဆွဲလေရာ
"အား ယောက်ဖ ယောက်ဖ၊ မှားမယ်၊ မှားမယ်"
ရဲမင်းမှာ လှစ်ခနဲ သုတ်ခြေတင်ရလေသည်။ အနောက်မှ မင်းထင်ကလဲ ဓားကြီးဆွဲ၍
"ငါလာပြီ ယောက်ဖရေ ငါလာပြီ"
"အား ကယ်တော်မူကြပါဗျို့"

လေးစားစွာကြိုးစားလျက်
အကြည်တော်



BURMESE CLASSIC .com

www.burmeseclassic.com